“ ရွှေလီမြစ်သည် ကျနော်တို့အတွက် ညပိုင်း တေးသံသာတွေ ဆိုပေးနေတယ်။
အခုတော့ ညတွေပိုင်းက တိတ်ဆိတ်လို့၊ တေးသံတွေလည်း ဆိတ်သုဉ်းကုန်ပြီ။
ကျနော်တို့လည်း ရွှေလီမြစ်က ဘယ်လိုဖြစ်သွားပြီလဲဆိုတာ အံ့သြနေကြရတော့တယ်။”
ပလောင်သက်ကြီးရွယ်အိုတဦး (တွေ့ဆုံမေးမြန်းမှု အမှတ်–၃၉)

ယခုအကြောင်းက မန်တပ် ကျေးရွာ အကြောင်းပင်ဖြစ်သည်။ မန်တပ်ကျေးတွင် လက်ဖက်နှင့် စပါးစိုက် လယ်သမားများ၊ တောင်သူလယ်သမားများ၊ တံငါသည်များ၊ မုဆိုးများ၊ မိခင်နှင့် ကလေးများ စသဖြင့် ပလောင်တိုင်းရင်းသား (၇၀၀) ခန့် နေထိုင်ပြီးအသက်မွေးဝမ်းကျောင်းပြုကြသည့် ကျေးရွာလေး၏ အကြောင်းပင်ဖြစ်သည်။ ၎င်းကျေးရွာသည် မြန်မာနိုင်ငံ၏ မြောက်ပိုင်း၊ တရုတ်နယ်စပ်မှ အတွင်းဘက် ၉၀ ကီလိုမီတာ အကွာအဝေးတွင် တည်ရှိနေသည်။ ၂၀၀၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာစစ်တပ်မှ တပ်သား အင်အား ၃၀၀ ခန့် ကျေးရွာသို့ ရောက်ရှိလာခဲ့ကြပြီး၊ နောက်ပိုင်းတွင် ဤကျေးရွာ၌ အခြေချတပ်စွဲခဲ့ကြသည်။ မြန်မာစစ်အစိုးရနှင့် တရုတ်နိုင်ငံ၏ နိုင်ငံပိုင်ကုမ္ပဏီများက ဆွေးနွေးသဘောတူညီမှု ရရှိခဲ့ပြီး၊ မန်တပ်ရွာအနီးရှိ အလေးအမြတ်ထားကြသည့် ရွှေလီမြစ်ပေါ်တွင် ရေအားလျှပ်စစ်နှင့် စက်ရုံတခုတည်ဆောက်ရန် စီစဉ်ခဲ့ကြသည်ဟု ရွာသူရွာသားများ၏ အခြေအနေပြောပြချက်သိရှိပါသည်။ ထိုအချိန်မှစ၍ ဤကျေးရွာလေးတွင် အရာရာပြောင်းလဲသွားရတော့သည်။

## ပလောင်လူငယ်များ လုပ်ငန်းကွန်ရက်အဖွဲ့ (PYNG) အကြောင်း

ပလောင် (တအာင်း) လူငယ်လုပ်ငန်းကွန်ရက်အဖွဲ့ **(PYNG)** ကို ၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူညီမျှရေးဟူသော ရည်ရွယ်ချက်များဖြင့် ပလောင်တိုင်းရင်းသား ပြည်သူလူထုများ၏ လူနေမှုဘဝ တိုးတက်မြင့်မာလာစေရန်အတွက် ဆောင်ရွက်နေသောအဖွဲ့အစည်းဖြစ်ပါသည်။ ပလောင်လူငယ် လုပ်ငန်းကွန်ရက်အဖွဲ့ **(PYNG)** သည် ပြည်တွင်းပြည်ပရှိ ပလောင်လူငယ်များကို စည်းရုံး၍ ၎င်းတို့၏ အသိပညာ ဗဟုသုတများ၊ နိုင်ငံရေးအသိအမြင်များ ပိုမိုနိုးကြွလာစေရန်နှင့် ပလောင်လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေ လျှက်ရှိပြီး ငြိမ်းချမ်းသည့် လူမှုအဖွဲ့အစည်းတရပ် ထူထောင်နိုင်ရေးကို ဦးတည်ဆောင်ရွက်နေပါသည်။ ထို့အပြင် **(PYNG)** သည် ပလောင်ဒေသအတွင်းရှိ ဖြစ်ပျက်နေသော လူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက်များကို ကောက်ခံ စုဆောင်းပြီး နိုင်ငံတကာ မိသားစုများသို့ ထုတ်ဖော်အသိပေး ဆောင်ရွက်နေပါသည်။ ဤအစီရင်ခံစာအား ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့၏ သဘာဝပါတ်ဝန်းကျင်လုပ်ရှာမှုဌာနရှိ အဖွဲ့ဝင်များက အဓိကပြုစုရေးသားခဲ့ပါသည်။ ဤသဘာဝပါတ်ဝန်ကျင်လုပ်ရှားရေးဌာနသည် ပလောင်ဒေသအတွင်းရှိ သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတပစ္စည်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့် ပလောင်လူငယ်များကို လူ့အခွင့်အရေးနှင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာစွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများလုပ်ဆောင်ရန်အတွက် ဖွဲ့စည်းထားသောဌာနဖြစ်သည်။

### အစီရင်ခံစာ၏နောက်ခံသမိုင်းကြောင်း

ပလောင် (တအာင်း) လူငယ်လုပ်ငန်း ကွန်ရက်အဖွဲ့ **(PYNG)** သည် ဤအစီရင်ခံစာထုတ်ဝေနိုင်ရန်အတွက် ပလောင်ဒေသအတွင်းတွင် ၂၀၀၃ ခုနှစ်မှစ၍ ၂၀၀၇ ခုနှစ်အထိ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ **(PYNG)** သည် မြန်မာနိုင်ငံလျှပ်စစ်စွမ်းအင်ဝန်ကြီး ဌာနမှ ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ထုတ်ပြန်ခဲ့သော စီမံချက်ဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ အခြားအစီအစဉ်များဆိုင်ရာ မှတ်တမ်းများ၊ စာရွက်စာတမ်းများအပြင် တရုတ်နိုင်ငံရှိ ကုမ္ပဏီများမှ သတင်းအချက်အလက်များနှင့် တရုတ်နိုင်ငံထုတ် သတင်းစာများ၌လည်း သတင်းများ ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ဖက်စပ်ဆောင်ရွက်နေသော ကုမ္ပဏီ၏ ဓါတ်ပုံများအရ လုပ်ငန်းစီမံကိန်း၏ အနာဂတ်အစီအစဉ်များနှင့် လက်ရှိဆောင်ရွက်နေသော အခြေအနေများကို အတည်ပြုနိုင်ခဲ့ပါသည်။

### ကျေးဇူးတင်လွှာ

အစီရင်ခံစာတွင်ပါဝင်သည့် အချက်အလက်များပြည့်စုံရန် အတွေ့အကြုံများကို ဖလှယ်ပေးခဲ့သော ပလောင်ညီအစ်ကိုမောင်နှမများအားလည်းကောင်း၊ နည်းလမ်းများအကြံညဏ်များပေးခဲ့သော PSLF၊ PWO နှင့် PYNG ရုံးဝန်ထမ်းများအားလည်းကောင်း အထူးသဖြင့် PYNG ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတွင် အချိန်ပေး၍ စစ်တမ်းကောက်ယူခြင်းနှင့် အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အစဉ်တစိုက်လုပ်ဆောင်နေကြသော ညီအစ်ကိုမောင်နှမအားလုံးအား အထူးပဲကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

*ဤအစီရင်ခံစာတွင် ပါရှိသည့်ဓါတ်ပုံများအား အသုံးပြုလိုပါက သက်ဆိုင်ရာ ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့ထံသို့ အသိပေးအကြောင်းကြားပြီးမှသာ အသုံးပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။*

# မာတိကာ

**စီမံကိန်း မစတင်မီ** ................................................................... ၁
မြေပုံ၊ မန်တပ်ကျေးရွာနှင့် ရွှေလီမြစ်ကို ဆည်ပိတ်ခြင်း ........................................ ၂
မန်တပ်ကျေးရွာ၊ ဆည်မတည်ဆောက်မီကာလ အခြေအနေ ................................ ၃
ရွှေလီမြစ် ................................................................................... ၄
မြေပုံ၊ ပလောင်လူမျိုးများ၏ ဒေသ ................................................ ၆
ပလောင်လူမျိုးများ ......................................................................... ၇

**ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စီမံကိန်း** ........................................ ၉
မြေပုံ၊ ရွှေလီ အမှတ် (၁) စီမံကိန်းနေရာ ................................................ ၁၁
စီမံကိန်း အချိန်ဇယား ...................................................................... ၁၃

**စစ်သားများ ရောက်ရှိလာခြင်း** ............................................................ ၁၇
လုပ်အား ခိုင်းစေမှု ........................................................................... ၂၄
ထိပ်တန်းဗိုလ်ချုပ်ကြီးများ ဖွင့်ပွဲအခမ်းအနား ရောက်ရှိလာကြစဉ် ............................ ၂၆

**တည်ဆောက်မှုလော၊ ဖျက်ဆီးမှုလော** ....................................................... ၂၉
ဇယား (၁)။ ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်းကြောင့် သိမ်းဆည်းခံရသောမြေများ .. ၃၁
အလိမ်အညာ ကတိကဝတ်များနှင့် လက်တွေ့ရလဒ်များ ........................................ ၃၃

**ရှေ့မည်သို့ ဆက်ဖြစ်မည်နည်း** ............................................................... ၃၇
မန်တပ်ကျေးရွာ၏ အနာဂတ်အလားအလာ ..................................................... ၃၈
ထပ်မံ တည်ဆောက်ရန် ကျန်ရှိနေသေးသော (ရွှေလီ အမှတ် –၂ နှင့် အမှတ် –၃ ဆည်များ) .. ၃၉
မြေပုံ၊ တရုတ်နိုင်ငံအတွက်နှင့် စစ်တပ်၏ သတ္တုတွင်းများအတွက် လျှပ်စစ်ဓါတ်အား ..၄၀
လျှပ်စစ်ဓါတ်အားလိုင်း ဖြတ်သန်းသွားရာလမ်းကြောင်း ...................................... ၄၀
ပို၍ ကြီးမားသော အခြားစီမံကိန်းများနှင့် ရွှေလီစီမံကိန်း၏ ထူးခြားချက်များ .................... ၄၂

**နိဂုံးနှင့် အကြံပြုချက်များ** ................................................................... ၄၄
နောက်ဆက်တွဲ (၁)။ ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင် (World Commision on Dams)
၏ အကြံပြုချက်များ ........................................................................ ၄၇
ဇယား။ စီမံကိန်းတွင် အကျိုးစီးပွားအရ ပါဝင်ပတ်သက်နေကြသူများ ............................ ၄၈
နောက်ဆက်တွဲ (၂)။ စီမံကိန်းတွင် အကျိုးစီးပွားအရ ပါဝင်ပတ်သက်နေကြသူများ ............... ၄၉
နောက်ဆက်တွဲ (၃)။ တွေ့ဆုံမေးမြန်းခဲ့သူများ ................................................ ၅၃

ရွှေလီမြစ်သည် ကျနော်တို့အတွက် ညပိုင်း တေးသံသာ တွေ
တီဆိုပေးနေတယ်။

# စီမံကိန်း မစတင်မီ

## မြေပုံ၊ မန်တပ်ကျေးရွာနှင့် ရွှေလီမြစ်ကို ဆည်ဖို့ခြင်း



**မန်တပ်ကျေးရွာ**

မန်တပ် ကျေးရွာသည် ပလောင်လူမျိုး အများစုနေထိုင်သော ကျေးရွာကလေးပင်ဖြစ်သည်။ တရုတ်နိုင်ငံ နယ်စပ်မှ (၉၀) ကီလိုမီတာခန့်ဝေးသော နေရာတွင် တည်ရှိပြီး၊ လူဦးရေအားဖြင့် (၇၀၀) ခန့် နေထိုင်ကြသည်။ ဤကျေးရွာသည် ဧရာဝတီမြစ်၏ မြစ်လက်တက်ဖြစ်သော ရွှေလီမြစ် မြစ်ကမ်းပါးတောင်ကုန်းငယ်လေးပေါ်တွင်တည်ရှိသည်။ ရွှေလီမြစ်သည် ၆–မိုင်မျှ ရှည်လျားပြီး၊ ပေ(၁,၀၀၀) ခန့်ရှိသည့် ထူးခြားအံ့မခန်းဖွယ် ဖြစ်သည့် ရေတံခွန်များက ၎င်းကျေးရွာအနီး၌ တည်ရှိနေသည်။ ၎င်းရေတံခွန်က ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာအရ အားသာချက်ဖြစ်ပြီး ဤနေရာကို ရွှေလီ အမှတ်(၁)ရေအားလျှပ်စစ်စီမံကိန်းအတွက် ဤနေရာကို သတ်မှတ်ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ဤကျေးရွာ၌ စီမံချက်များ မစတင်မီ၊ (၂၀၀၀) ခုနှစ် မတိုင်မီက ကျေးရွာသားအများစုမှာ ရွာအနီး တောင်စောင်းများတွင် စပါး နှင့် လက်ဖက်ခင်းများ စိုက်ပျိုးခဲ့ကြပြီး၊ အိမ်စားသုံးရန်အတွက် မြစ်ထဲ၌ ငါးဖမ်းပြီးဝမ်းစာရှာခဲ့ကြသည်။ ရွာအတွင်း၌ ဖမ်းဆီးရမိသော ငါးများကို ပြန်လည် ရောင်းချကြသည်။ တောင်သူများကလည်း လက်ဖက်များနှင့် အခြားတောင်ယာ ထွက်ကုန်များ ကို ရွာနှင့် (၂၇) မိုင်ခန့်ဝေးသည့် နမ့်ခမ်းမြို့သို့ သွားရောက်ရောင်းချကာ၊ အပြန်တွင် ဈေးမှ ဆားနှင့် အခြားလိုအပ်သော လူသုံးကုန်ပစ္စည်းများ ပြန်လည်ဝယ်ယူရင်း အသက်မွေးဝမ်းကြောင်းပြုနေခဲ့ကြသည်။ အခြားသူများကလည်း ဒေသတွင်းရှိ မြို့များ၊ နယ်များတွင် နေ့စားအလုပ်၊ ရာသီအလိုက်အလုပ်များ သွားရောက်လုပ် ကိုင်ကာ အသက်မွေးခဲ့ကြသည်။ ရွာသား (သုံးပုံနှစ်ပုံ) ခန့်မှာ သူတို့ လက်ဖက်ခင်းများနှင့် တောင်ယာ များအပေါ် အမှီပြုရင်း အသက်ရှင် ရပ်တည်ခဲ့ကြသည်။

ကျေးရွာတွင် မူလတန်းကျောင်းတကျောင်းသာရှိသည်။ မိမိတောင်ယာထွက် ပစ္စည်းများကို ရောင်းချ၍ ငွေရှာဖွေနိုင်သူများက ကလေးများကို မူလတန်းလွန်လျှင် နမ့်ခမ်းမြို့သို့ပို့၍ ကျောင်းထားကြပါသည်။ ကျေးရွာတွင် သူနာပြုဆရာမတဦးသာ ရှိနေခဲ့ပြီး၊ ယခုထက်တိုင်လည်း ဖျားနာလျှင် ၎င်းသူနာပြု တဦးသာ အားကိုးစရာ ရှိပါသည်။ ဤသူနာပြုမှာ အစိုးရလခစား ဝန်ထမ်းဖြစ် ပြီး တလလျှင် ကျပ်(၁၀,၀၀၀) (အမေရိကန်ဒေါ်လာအားဖြင့် ၈.၃၀ခန့်) လခရပါသည်။ ၎င်း၏ မိသားစုကို ဖူလုံစွာကျွေးမွေး စောင့်ရှောက်နိုင်ရေးအတွက် ရွာပြင်ပမှ ဆေးဝါးများကို ဝယ်ယူပြီး၊ ရွာအတွင်း အမြတ်တင်ရောင်းချခြင်းဖြင့် အသက်မွေးနေခဲ့ရပါသည်။ ဆေးဝါးအများစုမှာ ကျေးရွာတွင် မရရှိတတ်ကြပါ။ ရွာအတွင်း၌ ငှက်ဖျားရောဂါနှင့် ဝမ်းရောဂါများလည်း ထူပြောလှပြီး ယခုတိုင်ဆက်လက်ဖြစ်ပွားနေဆဲရှိနေပါသည်။

လက်ရှိတွင် ကျေးရွာ၌ လျှပ်စစ်မီး မရရှိပါ။ အစိုးရက ထောက်ပံ့ပေးခြင်းလည်း မရှိပါ။ ကျေးရွာနေလူထု များက မိမိကိုယ်ပိုင် မီးစက်များကို ထွန်းညှိနေထိုင်နေကြပြီး၊ စွမ်းအင်လိုအပ်မှု၏ (၁၀) ရာခိုင်နှုန်းခန့် ကိုသာ အသုံးပြုနိုင်ကြပါသည်။ အိမ်ထောင်စု အများစုမှာ ဆီမီးခွက်၊ ဖယောင်းတိုင်များကိုသာ အဓိက အားထား ထွန်းညှိပြီး အလင်းရောင်ရအောင်လုပ်ကြနေရပါသည်။

မန်တပ်ကျေးရွာကို သစ်မာသစ်တောများက ဝန်းရံထားပြီး၊ သဘာဝတိုင်းရင်းဆေး သစ်မြစ်သစ်ဥများ၊ အခြားသစ်တောထွက် ပစ္စည်းများလည်း ပေါကြွယ်ဝလှပါသည်။ ဆေးဝါးဖော်စပ်ရန်အတွက် ဤသစ်တောထွက်ပစ္စည်းများကို ကျေးရွာသားများက မျိုးရိုးစဉ်ဆက် မှီခိုအားထားခဲ့ကြရပါသည်။ ဤရေလှောင်ဆည် စီမံချက် မစတင်မီတွင် ကျားများ၊ ဆင်များ၊ သမင်များနှင့် အခြား တောရိုင်းတိရစ္ဆာန်များသည်လည်း ရွာအနီး၌ ကျက်စားနေထိုင်ခဲ့ကြပါသည်။

ယခင်က မန်တပ်ကျေးရွာ အနီး၌ မြန်မာစစ်တပ်က အမြဲတမ်းတပ်စခန်းချထားမှုများ မရှိခဲ့ပါ။ အနီးအနားတွင်လည်း စစ်ရေးအရ လှုပ်ရှားမှုများ မရှိသလောက်ပင် ဆိုရပါလိမ့်မည်။ ကျေးရွာသားများက သူတို့တောင်ယာများသို့ လွတ်လွတ်လပ်လပ် သွားရောက်လုပ်ကိုင်နိုင်ကြပြီး၊ နမ့်ခမ်းမြို့သို့လည်း စစ်တပ်ဂိတ်များကို ဖြတ်သန်းစရာမလိုဘဲ လွတ်လွတ်လပ်လပ် ကူးသန်းသွားလာနိုင်ခဲ့ကြပါသည်။

**ရွှေလီမြစ်**

*"ရွှေလီမြစ်က ကျနော်တို့ဘဝ ရှင်သန်ရပ်တည်မှုအတွက် မရှိမဖြစ် သိပ်အရေးကြီးပါတယ်။ ကျနော်တို့က ငါးဖမ်းဖို့၊ အမဲလိုက်ဖို့၊ ကုန်သွယ်ဖို့ ဒီမြစ်ကိုပဲ သုံးကြရတယ်။ ဆောင်းတွင်ရောက်လာရင် မြစ်ကမ်းဘေးမှာ ဂျေတ်၊ ပြောင်း၊ ခရမ်းချဉ်သီး၊ ပဲမျိုးစုံ စိုက်ကြတယ်။ ရွှေလီမြစ်ရေကို ချိုးလို့၊ အဝတ်လျှော်တာလည်း ဒီရေပဲ၊ ရေချိုး အဝတ်လျှော် သောက်သုံးရေလည်း ဒီရေပဲ။ ရွှေလီမြစ်က ကျနော်တို့ရဲ့ နေ့စဉ်ဘဝတွေနဲ့ဆက်စပ်နေတယ်။"* (တွေ့ဆုံမေးမြန်းမှု အမှတ်–၃၆)

*"ရွှေလီမြစ်က ကျနော်တို့ စက်ရုံလိုပဲ၊ သူက နှစ်စဉ် မြေသြဇာတွေ ထုတ်ပေးတယ်လေ။ ကျေးရွာတိုင်းက မြစ်ကမ်းပါးမှာ သီးနှံတွေ စိုက်ပျိုးကြပြီး၊ ဒီကဝင်ငွေကို မိသားစုအတွက် သုံးကြရတယ်။ ဒီသီးနှံတွေ ရောင်းလို့ရတဲ့ငွေနဲ့ ကလေးတွေကို ကျောင်းပို့ကြ၊ ကျောင်းစရိတ်အတွက် သုံးကြရတယ်။ "*(တွေ့ဆုံမေးမြန်းမှု အမှတ်–၄၀)

ရွှေလီမြစ်က ဧရာဝတီ မြစ်ကြီးထဲသို့ စီးဝင်သည့် ပင်မမြစ်လက်တက်တစင်းဖြစ်သည်။ ပလောင်ဘာသာစကားအားဖြင့် "အိုမ်တမာဝ်"ဟု ခေါ်ကြသည်။ ဤမြစ်က တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ အစပြုမြစ်ဖျားခံစီးဆင်းလာခြင်းဖြစ်ပြီး၊ ပင်လယ်ရေ မျက်နှာပြင်အထက် ပေ (၁၁,၀၀၀) တွင် တည်ရှိနေသည်။ ဤမြစ်က မြန်မာနိုင်ငံ၏ မူဆယ်၊ မိုးမိတ်၊ နမ့်ခမ်းမြို့တို့ကို ဖြတ်သန်းစီးဆင်းသွားပြီး စစ်ကိုင်းတိုင်းမြောက်ဘက် အင်းဝမြို့အနီးမှ ဧရာဝတီမြစ်အတွင်းသို့ ပေါင်းဆုံစီးဆင်းသွားသည်။

မိုးရာသီကုန်သောအခါ ရေနည်းသွားပြီး ထိုအချိန်တွင် မြစ်နှင့်နီးစပ်သည့် ကျေးရွာများက မြေဆီကြွယ်ဝသော မြစ်ကမ်းပါး များတွင် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ စတင်ကြသည်။ လူအများစုမှာ မြစ်ကမ်းပါးရှိ သီးနှံခင်းများကို အားထားစားသောက်ကြပြီး၊ ဟင်းသီးဟင်းရွက်အတွက်ဆိုလျှင် ဈေးမှဝယ်စရာမလိုလောက်အောင်ပင်ဖြစ်သည်။

ရွှေလီမြစ်သမိုင်းကြောင်း ဒဏ္ဍာရီနှင့် ပတ်သက်သော ရိုးရာသီချင်းတပုဒ်ရှိပြီး ဤမြစ်က လူအများအကျိုးမည်သို့ဆောင်ရွက် ပေးခဲ့ပုံကို ဖွဲ့ဆိုထားသည်။ ဤသီချင်းက ပလောင်လူမျိုးများ၏ ယဉ်ကျေးမှုတွင် ထင်ရှားသော သီချင်းတပုဒ်လည်း ဖြစ်သည်။ ရွှေလီမြစ်တွင် သဘာဝအရ စိမ့်စမ်းရေများ၊ ငါးများခိုအောင်းနေထိုင်ရာ ကျောက်ဂူများ၊ ရေတံခွန်များလည်းရှိပြီး ဒေသနေလူမျိုးများအတွက် ဂုဏ်ယူဖွယ်နေရာများလည်းဖြစ်သည်။

# တောင်စွယ် ကျောက်ကြားမှစီးဆင်းလာတဲ့မြစ် [ရွှေလီမြစ်]

(ရွှေလီမြစ်ရေ (စီးဆင်း)၂ )၂
ရွှေလီမြစ်ရေ စီးဆင်းလာပြီ
တောင်စွယ်တောင်တန်းတွေ မှာမြစ်ဖျားခံပြီး
တောင်ကုန် တောင်တန်းကြီးတွေပေါ်မှာဘဲရပ်နေတာမဟုတ်ပါဘူး

တောင်စောင်း (ဆင်ခြေလျှော) တလျှောက် စီးဆင်းလာတယ်
တအာင်းတွေရဲ မြို့ရွာတွေကို ငြိမ်းချမ်းသာယာစေတယ်
ငါတို့ ရိုးရာယဉ်ကျေးမှုတွေ၊ ဝတ်စားဆင်ယဉ်မှုတွေ
ငါတို့မြို့ရွာ အိုးအိမ်တွေ တိုးတက်မြင့်မားပါစေ ဖွံ့ဖြိုးပါစေ

အို… ရွှေလီမြစ်ရေ
ရွှေလီမြစ်ရေ အသင်ဟာ ကျွန်ုပ်တို့တအာင်းလူမျိုးရဲ့
စတင်စီးဆင်းပြန့်ပွားလာအောင်လုပ်ပေးတဲ့
ပင်မအရင်းအမြစ်ကြီးတစ်ခုပေပါဘာ…} ၂

{တို့လက်တွေခိုင်ခိုင်မြဲ တွဲထားပါ တို့တတွေသင့်မြတ်နေရမယ်

တအာင်းမျိုးမပျောက်အောင်ပေါ့
တို့စာပေနဲ့ ယဉ်ကျေးမှုတွေကို တို့အားလုံး တတ်သိနားလည်ထားရမယ်
ထိမ်းသိမ်းရမှာပေါ့
ရွှေလီမြစ်ရေကြီးရေ ကမ္ဘာတည်သရွေ့ မင်းဘယ်တော့မှခန်းခြောက်မသွားပါနဲ့}၂

## ပလောင်လူမျိုးများ၏ ဒေသ



ကချင်ပြည်နယ်
ဗန်းမော်
ရွှေလီ
ကြူကုတ်
မူဆယ်
နမ့်ဖတ်ကာ
မန်တပ်
ကွတ်ခိုင်
တရုတ်
သိန္နီ
ကွန်းလုံ
မန်တုံ
လားရှိုး
မိုးမိတ်
နမ္မတူ
နမ့်ဆန်
လားရှိုး
မိုးကုတ်
မိုင်းငေါ်
သီပေါ
ကျောက်မဲ
ရှမ်းပြည်နယ်
မန္တလေး
မေမြို့
မြေပုံအညွှန်း
ရေကာတာ
မြို့
မြန်မာစစ်တပ်
မြစ်
တိုင်း/ပြည်နယ် နယ်နိမိတ်
နိုင်ငံ နယ်နိမိတ်
ပလောင်ဒေသ

## ပလောင်တိုင်းရင်းသားများ၏ နောက်ခံသမိုင်းကြောင်း

ပလောင်တိုင်းရင်းသားများသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ ဌာနေတိုင်းရင်းသားများ ဖြစ်သည်။ ပလောင်တိုင်းရင်းသားများက သူတို့ကိုယ်သူတို့ "တအာင်း"ဟု တင်စားခေါ်ဝေါ်ကြသည်။ ပလောင်တိုင်းရင်းသား လူဦးရေတသန်းကျော်ရှိပြီး၊ ရှမ်းပြည်မြောက်ပိုင်းရှိ ပလောင်တောင်တန်းများပေါ်၌ နေထိုင်ကြသည်။ ပလောင်လူမျိုး အများစုမှာ ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းတလျှောက်မြို့များတွင်လည်း နေထိုင်ကြသည်။ ယခုအခါ အချို့သော ပလောင်လူမျိုးများမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတွင်လည်း နေထိုင်လျှက်ရှိကြသည်။

ပလောင်လူမျိုးများသည် မွန်–ခမာအနွယ်မှ ဆင်းသက်လာသူများ ဖြစ်ကြသည်။ သူတို့တွင် တိုင်းရင်းသားအရေးနှင့် ပတ်သက် ၍ ရှည်လျားသည့် သမိုင်းကြောင်းနောက်ခံရှိပြီး၊ သူတို့၏ လူမျိုးရေးလက္ခဏာဝိသေသအတွက်လည်း ထူးထူးခြားခြား ဂုဏ်ယူတတ်ကြသည်။ ကိုယ်ပိုင်စာပေ၊ ဘာသာစကားနှင့် မတူခြားနားသော ယဉ်ကျေးမှု ဓလေ့စရိုက်များလည်း ရှိကြသည်။ ရှေးယခင် အတိတ်ကာလများက မိမိတို့ကိုယ်ပိုင်နယ်မြေဖြင့် နေထိုင်နိုင်ခဲ့ကြပြီး၊ မိမိဘာသာ ရပ်တည်ရှင်သန်နိုင်ခဲ့ကြသည်။ ပလောင်လူမျိုးအများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး၊ (၁၀) ရာခိုင်နှုန်းထက်နည်းသည့် လူဦးရေသာ နတ်ကိုးကွယ်မှုနှင့် ခရစ်ယန်ဘာသာ ကိုးကွယ်ယုံကြည်မှုပြုကြပါသည်။

ပလောင်လူမျိုးများ၏ အစဉ်အဆက်ပိုင်ဆိုင်ခဲ့ကြသော မြေများတွင် ပတ္တမြားနှင့် နီလာကျောက်တွင်းများရှိကြသည့်အပြင် ငွေ၊ သတ္တု၊ ရွှေနှင့် အလူမီနီယံ ကဲ့သို့သော အခြားသောအဖိုးတန်သတ္တုတွင်းထွက်များလည်းထွက်ရှိကြသည်။ ပလောင်လူမျိုးများက တောင်ပေါ်လက်ဖက်စိုက်ခင်းများတွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု၌ အစဉ်အလာလုပ်ကိုင်ခဲ့ကြပြီး၊ အရည်အသွေး မြင့်မားမှုကြောင့် မြန်မာနိုင်ငံတွင် ပလောင်လက်ဖက်မှာ ထင်ပေါ်ကျော်ကြားသည်။ ထို့အပြင် ပလောင်လူမျိုးများက သမမျှတ သည့် ရာသီဥတုတွင် ပေါက်ရောက်သည့် သစ်သီးများဖြစ်သည့် ပန်းသီးများ၊ သစ်တော်သီးများ၊ ထောပတ်သီးများ၊ မက်မွန်သီးများ၊ စသည့် သစ်သီးများလည်း စိုက်ပျိုးကြပြီး အောက်ပိုင်းမြေပြန့်ဒေသများတွင် ဤ သစ်သီးများက ဈေးကောင်းရကြသည်။ ပလောင်လူမျိုးများအပြင် ရှမ်းနှင့် ကချင်တိုင်းရင်းသားများသည်လည်း ၎င်းဒေသတွင် အတူယှဉ်တွဲနေထိုင်ကြသည်။

*“(၂၀၀၁) ခုနှစ်ကတည်းက ကျနော်တို့ (YMEC)နဲ့ သဘောတူညီချက်တွေ လုပ်ခဲ့ကြပါတယ်။ ဒီစီမံကိန်းမှ ရလာတဲ့ လျှပ်စစ်ဓါတ်အားတွေကို အစိုးရရဲ့ ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ဒေသခံပြည်သူတွေအတွက် အသုံးပြုမှာ ဖြစ်ပါတယ်။ အကယ်၍ ဒေသခံ ပြည်သူသိတွေက ဒီစီမံကိန်း အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုသာ မရခဲ့ဖူးဆိုရင် အခုလို လျှင်မြန်ချောမွေ့စွာ ပြီးနိုင်မှာမဟုတ်ပါဘူး။”* (လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်ထွဋ်က ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသောမိန့်ခွန်း)

# ရွှေလီ အမှတ် (၁)
# ရေအားလျှပ်စစ်
# စီမံကိန်း

ရွှေလီရေထိန်း တမံ ၏ ပန်းချီ ပုံ

ရွှေလီမြစ်က မန်တပ်ကျေးရွာ၏ မြောက်ဘက်မှ ရစ်ခွေစီးဆင်းပြီး၊ “ပစောက်” ပုံသဏ္ဌာန် စီးဆင်းပါသည်။ ဤ ပစောက်ပုံ ကွေ့၏ အဖျားပိုင်းနေရာတွင် ဆည်တည်ဆောက်မည်ဖြစ်ပြီး၊ အဆုံးပိုင်းနေရာတွင် လျှပ်စစ်ဓါတ်အားထုတ်စက်ရုံ တည်ရှိမည် ဖြစ်ပါသည်။ ရေသွင်းမြောင်း လိုဏ်ဂူက မန်တပ် တောင်ကုန်းအောက်မှ ဖြတ်သွားမည် ဖြစ်ပါသည်။ (နောက်ဆက်တွဲတွင် ဤစီမံချက်၏ အသေးစိတ်ဖော် ပြထားသောပုံများကို ကြည့်ရန်။)

လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန ၂ မှ ထုတ်ပြန်ထားသည့် စီမံကိန်းဆိုင်ရာ မှတ်တမ်းများအရ ရွှေလီရေလှောင်တမံစီမံကိန်း အမှတ် (၁) ၏ ရည်ရွယ်ချက်မှာ ရွှေလီမြစ်ကို ဖြတ်၍ ဆည်ပိတ်တည်ဆောက်ရန်ဖြစ်ပြီး၊ တောင်ကို ဖြတ်ဖောက်ထားသော ရေသွင်းမြောင်း လိုဏ်ဂူမှတဆင့် ရေကို လွှဲပြောင်းယူပြီး၊ ရေအားလျှပ်စစ်စက်ရုံကို ရေအားပေး၍ လျှပ်စစ်ဓါတ်ထုတ်ယူရန်ပင် ဖြစ်ပါသည်။ ရေအားလျှပ်စစ်ကို စက်ရုံက ထုတ်လုပ်ပြီးနောက် “မြန်မာနိုင်ငံတဝှမ်းရှိ လုပ်ငန်းများ၊ စက်ရုံများ၊ မြို့များ၊ ကျေးရွာများကို လျှပ်စစ်ဓါတ်အားလိုင်းကြိုးကြီးများဖြင့် ဓါတ်အားစက်ရုံခွဲများမှတဆင့် လျှပ်စစ်မီးပေးရန် ဖြစ်ပါသည်။” ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အချက်အလက်များအရ နမ္မတူသတ္တုမိုင်း၊ မုံရွာကြေးနီမိုင်းနှင့် သပိတ်ကျင်းနီကယ်မိုင်းများကို လျှပ်စစ်ဓါတ်အား ပို့လွှတ်ပေးမည်ဟု အတိအကျ ဖော်ပြထားပါသည်။

တရုတ်နှင့် မြန်မာ ဖက်စပ်ပူးတွဲဆောင်ရွက်မည့် လက်ရှိ ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း အမှတ် (၁) သည်၊ “တည်ဆောက်–လည်ပတ်–လွှဲပြောင်းစနစ်” (Build-Operate-Transfer) ဖြင့် ဆောင်ရွက်မည့် စီမံကိန်းဖြစ်ပါသည်။ (နောက်ဆက်တွဲတွင် ဖက်စပ်လုပ်ကိုင်မည့် လုပ်ငန်းရှင် ကုမ္ပဏီများကို ဖော်ပြထားပါသည်။) ဤစီမံကိန်းမှ သိုလှောင်ထားနိုင်မည့် စွမ်းအင် ပမာဏမှာ (၆၀၀) မဂ္ဂါဝပ် (MW) ဖြစ်ပါသည်။ အမှန် လျှပ်စစ်ထုတ်ယူရရှိနိုင်မည့် စွမ်းအင်မှာ ၁၇၄.၈ မဂ္ဂါဝပ် (MW)ဖြစ်ပါသည်။ နှစ်စဉ် ထုတ်လုပ်နိုင်မည့် စွမ်းအင်မှာ ၄,၀၃၃ ဂီဂါဝပ် (GWh)နာရီဖြစ်ပါသည်။ ထုတ်လုပ်ရရှိလာသော လျှပ်စစ်စွမ်းအင်များကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသို့ ၂၃၀ ကီလိုဗို့တ်နှင့် ၂၂၀ ကီလို ဗို့တ် (kV)ကြိုးကြီးများဖြင့် တင်ပို့သွားမည်ဖြစ်သည်။ ၃

**စီမံကိန်းနှင့် ပတ်သက်သော အချက်အလက်များ [အကျဉ်းချုပ်]**

နေရာ။ ။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နမ့်ခမ်းမြို့မှ အနောက်တောင် ၁၇ မိုင်ခန့်အကွာ၊ မန်တပ်ကျေးရွာအနီး။

ဆည်အမျိုးအစား။ ။ ကွန်ကရစ်ဆည် (Concrete Gravity Dam)

ဆည်ဖွဲ့စည်းပုံ အလျား။ ။ ၅၃၁ ပေ (၁၆၂ မီတာ)

ဆည်ဖွဲ့စည်းပုံ အမြင့်။ ။ ၁၅၄ ပေ (၄၇ မီတာ)

ရေလွှဲမြောင်း။ ။ ၃၃ ပေ အဝန်း။ အရှည် ၂၅၆. ၄၁ မီတာ။

သိုလှောင်ထားနိုင်မည့် အင်အား။ ။ ၆၀၀ မဂ္ဂါဝပ်။ (MW)

ကနဦး တည်ဆောက်ရေး ကုန်ကျမည့်စားရိတ်များ။ ။ အမေရိကန်ဒေါ်လာ ၁၈၅ သန်း၄

# ရွှေလီ အမှတ် [၁] စီမံကိန်းနေရာ



YMEC
瑞丽江水电站造福缅甸人民
SHWELI HYDROPOWER STATION BENEFITS MYANMAR PEOPLE

## အချိန်ဇယားနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေ

**၂၀၀၀ ခုနှစ်** စစ်သား (၃၀၀) ခန့်ပါဝင်သော တပ်ရင်းတစ်ရင်း မန်တပ်ကျေးရွာတွင် နှစ်ကုန်ခါ နီး၍ စစ်စခန်း အခြေချလာခဲ့သည်။ ယူနန်ပြည်နယ် အကြီးစား စက်မှုပစ္စည်း သွင်းကုန်–ထုတ်ကုန် ကုမ္ပဏီ လီမိတက် (Yunnan Machinery Import and Export Company Limited)က ဖြစ်နိုင်ခြေ ကနဦးတိုင်းထွာ စစ်ဆေးမှုများပြုလုပ်လာခဲ့သည်။

**၂၀၀၁ ခုနှစ်** စစ်စခန်းအခြေချပြီးသည်နှင့် အေရှားဝေါလ်ကုမ္ပဏီက မန်တပ်ကျေးရွာအနီးတွင် အလုပ်စခန်း တခုကို လာရောက်တည်ဆောက်ခဲ့သည်။ လမ်းဆောက်လုပ်ရေးစီမံကိန်းကို စတင်လာခဲ့ပြီး၊ ရွာသားများကို အောက်ခံမြေ သားဖို့ပေးရန် အတင်းအကျပ်ခိုင်းစေခဲ့သည်။

**၂၀၀၂ ခုနှစ်** စီမံကိန်းနှင့် ပတ်သက်၍ ကနဦးလေ့လာတိုင်းထွာချက်များ ပြုလုပ်ရန် သဘော တူညီချက်ကို မြန်မာနိုင်ငံ၊ လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် အကြီးစားစက်မှုပစ္စည်း သွင်းကုန်–ထုတ်ကုန် ကုမ္ပဏီ လီမိတက် တို့ ၂၀၀၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

**၂၀၀၂ ခုနှစ်** ယူနန် ကုမ္ပဏီ (YMEC)မှ နည်းပညာရှင် ၄၉ ဦး ရောက်ရှိလာပြီး၊ ထိုနေရာတွင် မြေသားတိုင်း ထွာ စစ်ဆေးမှုများကို မတ်လမှ ဇူလိုင်လအထိ ဆောင်ရွက်ခဲ့ပါသည်။ သူတို့က ဆည် တည် ဆောက်မည့် စီမံကိန်းအသေး စိတ်၊ လျှပ်စစ်စက်ရုံ၊ ရေလွှဲမြောင်း စသဖြင့် ပုံစံထုတ်ဖော်ရေးဆွဲခဲ့ကြပါသည်။ ဤအချက်အလက်များကို အခြေပြု၍ တင်ဒါခေါ် ယူရာတွင် သတ်မှတ်ချက်များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**၂၀၀၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်** အေရှားဝေါလ်ကုမ္ပဏီက ၂၉–မိုင်အရှည် ဆည်တည်ဆောက်မည့်နေရာသို့ ချဉ်းကပ်လမ်းကို မန်ဝိန်းကြီး ကျေးရွာဝန်းကျင်မှ စက်ရုံနေရာသို့ ဖောက်လုပ်ခဲ့ကြသည်။ ဤလမ်းကိုအသုံးပြု၍ စက်ပစ္စည်းကြီးများ သယ် ပို့နိုင်ရန်ဖြစ်သည်။ မေလတွင် လမ်းဖောက်လုပ်မှု ပြီးစီးခဲ့ပြီး၊ စက်တင်ဘာလတွင် ထပ်မံချဲ့ထွင်ခဲ့သည်။ အေ ရှားဝေါလ်ကုမ္ပဏီ က ၎င်းတို့၏အလုပ်စခန်းမှနေ၍ (YMEC)အလုပ်စခန်းသို့လည်း လမ်းဖောက်လုပ်ခဲ့သည်။

**၂၀၀၂ ခုနှစ်** (YMEC) စခန်းနှင့် အေရှားဝေါလ်ကုမ္ပဏီစခန်းမှ မန်တပ်ကျေးရွာသို့ လမ်းဖောက်လုပ်ခဲ့သည်။

**၂၀၀၃ ခုနှစ်** နိုဝင်ဘာလတွင် စီမံကိန်းဖွင့်ပွဲကို တရားဝင်ကျင်းပခဲ့သည်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ လျှပ်စစ်စွမ်းအင်ဝန်ကြီးနှင့် တရုတ်နိုင်ငံမှ (YMEC)ကုမ္ပဏီ၏ ဥက္ကဋ္ဌ၊ အေရှား ဝေါလ်ကုမ္ပဏီမှ မန်နေဂျာများ ထိုအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

**၂၀၀၄ ခုနှစ်** တရုတ်နိုင်ငံမှ (YMEC)ကုမ္ပဏီက မန်တပ်ကျေးရွာတွင် အလုပ်သမားစခန်းကို တည်ဆောက် ခဲ့သည်။ ကုမ္ပဏီကစီမံကိန်း တည်ဆောက်မည့်နေရာတွင် လုပ်သား (၂၀၀) ခန့် စက်ပစ္စည်းများ၊ ယာဉ်များ ကိုင်တွယ်မောင်း နှင်ရန် ပို့လွှတ်ခဲ့သည်။ (YMEC) လုပ်သား (၁၉၉) ဦးပါဝင်သော အသုတ် သည် (၂၀၀၄) ၏ ဇွန်လတွင် တည်ဆောက်မည့် နေရာသို့ ရောက်ရှိလာခဲ့ပြီး၊ ဥမင်မျက်နှာစာ မြေသားပြုပြင် တည်ဆောက်ခြင်းများ၊ တူးဖော်ခြင်း၊ မြေတိုင်းထွာခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြသည်။ ဥမင်ဝင် ပေါက် (၁) နှင့် (၂)ကို ဖောက်လုပ်ခဲ့ကြသည်။

**၂၀၀၄ ခုနှစ်** ဆည်နှင့် ရေလွှဲဥမင် တည်ဆောက်မှု လုပ်ငန်းများ စတင်ခဲ့သည်။ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင် အေးက တည်ဆောက်မည့် နေရာများသို့ လာရောက်စစ်ဆေးခဲ့သည်။

**၂၀၀၆–၂၀၀၇ ခုနှစ်** လျှပ်စစ်ဓါတ်အားလိုင်းကြိုးကြီးများ ဖြတ်သန်းသွားမည့် နေရာတလျှောက်ရှိ လမ်းများကို ပြန်လည် မွမ်းမံတည်ဆောက်ခဲ့သည်။ (၂၀၀၇) ခုနှစ် ဧပြီလတွင် အေရှားဝေါလ်ကုမ္ပဏီမှ နမ့်ခမ်းမှ နမ္မတူသို့ သွားသော လမ်း၊ မန်တုန်မှ နမ့်ဆန်သို့ သွားသောလမ်းကို အဆင့်မြှင့်တည်ဆောက်ခဲ့သည်။ နမ့် ဆန်မှ မိုးမိတ်သို့ သွားသောလမ်းကို ဖောက်လုပ်ခဲ့သည်။ **၂၀၀၇ ခုနှစ်** ဧပြီလတွင် စီမံကိန်း၏ (၅၁) ရာခိုင်နှုန်း ပြီးစီးခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လာရောက် ကြည့်ရှုခဲ့သည်။ လျှပ်စစ်ဓါတ်အားပေးစက်ရုံမှာ လည်ပတ်နိုင်ခြင်း မရှိသေးပါ။

**၂၀၀၈ ခုနှစ်** ၂၀၀၈ နှစ်ကုန်ပိုင်းတွင် ပထမ ရေအားလျှပ်စစ်ထုတ် တာဘိုင်မှ စတင်၍ လျှပ်စစ်ထုတ်နိုင် မည်ဖြစ်သည်။



လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနမှ စီမံကိန်းနှင့် ပတ်သက်သော ပုံဇယားများ

ရေကာတာတည်ဆောက်မည့်တည်နေရာ ပုံသဏ္ဍာန် အထက်ပိုင်မှ မြင်တွေ့ရပုံ

၁ ရက်နေ့ ဧပြီလ ၂၀၀၇ ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှ စီမံကိန်း တည်နေရာသို့ လာရောက်ကြည့်ရှုနေပုံ

မြန်မာ့အလင်းသတင်းစာ

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အခြားဗိုလ်ချုပ်များ၊ တရုတ်ကုမ္ပဏီအာဏာပိုင်များ ရွှေလီ အမှတ် (၁) စီမံကိန်းသို့ ရောက်ရှိလာစဉ်

*၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆိုင်နိုဟိုက်ဒရိုပိုကုမ္ပဏီက ရွှေလီမြစ်ကို ဆည်ပိတ်အောင်မြင်သည့် အခမ်းအနား ကျင်းပနေစဉ်*

မြန်မာ့အလင်းသတင်းစာ

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ ရွှေလီ ရေအားလျှပ်စစ် စက်ရုံ၌ ရေသွင်းတူးမြောင်းများ တည်ဆောက်နေမှုကို စစ်ဆေးနေစဉ်

“အရင်တုန်းက ကျေးရွာလုံခြုံရေးက ကောင်းနေသေးပဲ၊ ရွာမှာ ဘယ်စစ်သားမှလည်း နေစရာမလိုဘူး။ ဒါပေမယ့် ဆည်တည်ဆောက်ရေး စီမံချက်လည်း ချလာရော၊ စစ်သားတွေ ရောက်လာကြတယ်၊ နောက်ပိုင်းမှာ အားလုံးပြောင်းလဲသွားတော့တာပါပဲ။” (တွေ့ဆုံမေးမြန်းမှု အမှတ်–၁၃)

# စစ်သားများ
# မဖိတ်ခေါ်ဘဲ ရောက်လာခြင်း။

## ရွှေလီဆည် စီမံကိန်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနား နှင့် အနှစ်အသားမပါသည့် ကတိကဝတ်များ

ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စီမံကိန်းအတွက် (၂၀၀၀) ခုနှစ်တွင် ကနဦးစမ်းသပ်တိုင်းထွာချက်များ ပြုလုပ်နေစဉ်တွင် ခြေမြန်တပ်ရင်း (ခမရ) ၁၄၄ မှ စစ်သား (၃၀၀) ခန့်သည် မန်တပ်ကျေးရွာသို့ ပြောင်းရွှေ့လာကြပြီး၊ ရွာဦး ဂိတ်နားတွင် တပ်စခန်းချ အခြေပြုလာပါတော့သည်။ စစ်သားများက ဒေသခံပြည်သူများ၏ လယ်မြေများကို စစ်စခန်းဆောက်လုပ်ရန်အတွက် ချက်ခြင်းသိမ်းယူကြပြီး၊ ရွာသားများကိုလည်း စစ်စခန်းတည်ဆောက်ရေးအတွက် မြေရှင်းရန်နှင့် အခြားဆောက်လုပ်ရေး လုပ်ငန်းများလုပ်ရန် ဆင့်ခေါ်ပါတော့သည်။ လယ်သမားတဦးပြောပြသည်မှာ...

> *"သူတို့တွေက ကျနော်တို့တတွေကို ကျွန်တွေလိုပဲ ဆက်ဆံကြတယ်။ သူတို့ အမိန့်ပေးတဲ့အတိုင်း အကုန် လုပ်ပေးကြရတယ်။ လူတွေက နံနက်စာတောင် မစားကြရသေးဘူး၊ ထမင်းထုပ်ထုပ်ပြီး လုပ်အားပေးသွားလုပ်ပေးကြရတယ်။ ကျနော်တို့က တနေ့လုပ်တနေ့စားဘဝနဲ့ရှင်သန်ရပ်တည်နေကြရတာဆိုတော့ မိသားစု ညနေစာအတွက်လည်း စိုးရိမ်ကြရတယ်။ အကယ်၍ ကျနော်တို့က ရွာသားအချင်းချင်းရဲ့ အိမ်ကို ဝိုင်းဆောက်ပေးတာမျိုးဆိုရင် သူတို့ဆီက မိသားစုအတွက် ဆန်ပြန်တောင်းစားလို့ရတယ်။ အခု အလုပ်က စစ်တပ်အတွက် အလုပ်လုပ်ပေးကြရတာဆိုတော့ အိမ်မှာကျန်နေတဲ့ မိန်းမက ထမင်းချက်ဖို့ တခြားသူတွေဆီက ဆန်ကို ချေးကြရတယ်။ ရွာသားတွေက ခိုင်းတဲ့အတိုင်း အမိန့်လိုက်နာကြရင် ရွာလူကြီးက အသက်ရှူချောင်သေး တယ်။ မဟုတ်ရင် ရွာလူကြီးလည်း ထိုးတာ၊ ရိုက်နှက်တာခံရတယ်။"* (တွေ့ဆုံမေးမြန်းမှု အမှတ်–၇)

လမ်းဖောက်လုပ်ရန် အဓမ္မခိုင်းစေခံနေရသော ရွာသားများ

စစ်သားများ ပစ်မှတ်လေ့ကျင့်ရာနေရာ

စခန်းအတွင်းတွင် တောင်စောင်းတလျှောက် မြောင်းပေါက်များတူးပြီး၊ စစ်သားများက ပစ်မှတ်လေ့ကျင့်ပစ်ခတ်ရန်အတွက် အသုံးပြုကြပြန်သည်။

> *“ကျနော်တို့ရွာက မြေသဘာဝအရ အလွန်လှတယ်။ အခု စစ်တပ်ရောက်လာပြီးတော့ သဘာဝအလှ အပတွေလည်း ပျက်စီးကုန်ပါပြီ။ တောင်ကုန်းတွေလည်း တောင်ကတုန်း ဖြစ်ကုန်ပြီ။ အခုတော့ အစိမ်း ရောင်ကျန်တာဆိုလို့ စစ်ယူနီဖောင်းတွေပဲ ရှိတော့တယ်။ ဒီစီမံချက်ပြီးလို့ရှိရင် သေချာတဲ့အချက်က နောက်ထပ် အစိမ်းတွေ ရောက်လာကြဦးတော့မယ်။ ”*(တွေ့ဆုံမေးမြန်းမှု အမှတ်–၁၄)

စစ်စခန်းဆောက်ရန်အတွက် ပုံမှန်အားဖြင့် ရွာသားများက အသုံးပြုနေကြသော သစ်များ၊ ဝါးများကို စစ်သားများက ခုတ်လှဲယူကြပါတော့သည်။

> *“စစ်သားတွေ ရောက်လာကတည်းက ရွာအနားမှာ ဝါးရယ် လို့ မကျန်တော့ဘူး။ အားလုံးက စစ်တန်းလျား အကာတွေ ဖြစ်ကုန်ကြတယ်။ ရွာသားတွေ သုံးဖို့ မကျန် တော့ဘူး။ ကျနော်တို့ ပစ္စည်းတွေ သူတို့လာပြီး ထင်တိုင်း ခုတ်လှဲကြတာပဲ၊ ပိုင်ရှင်တွေဆီကလည်း သစ် ပင်ခုတ်မယ်၊ ဝါးခုတ်မယ် ခွင့်တောင်းတာ မရှိဘူး။ ရွာသားတွေက မခုတ်နဲ့လို့ ငြင်းရင် သူတို့က ဒီတခါ နောက်ဆုံးပဲဆိုပြီး ဆင်ခြေပြန်ပေးကြတယ်။ တခြားတဖွဲ့လာတော့လည်း ဒီပုံစံအတိုင်း ပြန်ဖြစ် တာပဲ။ ဒီလိုနဲ့ ဝါးအားလုံးလည်း ကုန်တော့တာပဲ။ ဒီကိစ္စကို ဘယ်သူကမှ အရေးယူဆောင်ရွက်*

*ပေးတာလည်းမရှိကြဘူး။ နောက်ဆုံးတော့ ကျနော်တို့ရွာသားတွေပဲ နစ်နာကြရတာတယ်။ မနှစ်က ပြောီလမှာ ရှင်ပြုပွဲ လုပ်မယ်ဆိုတော့ သုံးစရာ ဝါးမကျန်တော့ဘူး။ ကျနော်တို့က ကိုရင်လေးတွေနားနေဖို့ မဏ္ဍပ်ဆောက်ဖို့တောင် ဝါးမကျန်တော့ဘူး။ ”* (တွေ့ဆုံမေးမြန်းမှု အမှတ်–၁၂)

တပ်စခန်းအတွက် မြေကွက်နှင့် သဘာဝ အရင်းမြစ်များကို သိမ်းဆည်းယူငင်ရုံမျှမက၊ ၎င်းတပ်ရင်းက သီးနှံထုတ်လုပ်စိုက်ပျိုး ရေးအတွက် မြေဆီဩဇာကြွယ်ဝသော စိုက်ပျိုးမြေများကိုပါ သိမ်းယူခဲ့ပြန်သည်။ ၁ ဉပမာအားဖြင့်၊ (၂၀၀၅) ခုနှစ်၊ ဇူလိုင်လတွင် (ခမရ) ၁၄၄ မှ ဗိုလ်မှူး ဘလေးက သူ၏ရဲဘော်များကို ဒေသခံများ၏ လယ်မြေများမှ စိုက်ပျိုးထားသည်များကို နုတ်ပစ်ရန်နှင့် စစ်တပ်စိုက်ခင်း စီမံချက်အတွက် ၎င်းတို့သီးနှံများကို ပြန်စိုက်ရန် အမိန့်ပေး ခိုင်းစေခဲ့ပါသည်။ ကျောင်းသွားရန် မတတ်နိုင် သည့် အသက် ၁၂–နှစ်အရွယ် ကလေးမလေးက အရိုးခံအတိုင်းပင် ပြောပြပါသည်။ *“ကျမတို့ လယ်ကွက်တွေလည်း သိမ်းခံရပြီ။ ကျမတို့စားဖို့လည်း ဆန်မလောက်တော့ဘူး။”* (တွေ့ဆုံမေးမြန်းမှု အမှတ်–၁၅)

မန်တပ်ကျေးရွာအနီးရှိ စစ်တပ်မှ သိမ်းပိုက်ထားသောလယ်ကွက်များ

ဆည်အနီးရှိ စစ်ဆေးရေးဂိတ်တခု

စစ်စခန်းများ ဆောက်ပြီး၍ စစ်တပ်အတွက် ဥယျာဉ်ခြံများ တည်ထောင်ပြီးသောအခါ စစ်စခန်းကို ဖြတ်သွားသောလမ်းများတွင် ကင်းစခန်း ဂိတ်များချလာခဲ့ပါသည်။ ယခုအခါ ရွာအနီးချုပ်စပ်တွင် ကင်းစခန်း ဂိတ်ကြီး ၃–ခု၊ ဂိတ်ငယ် ၃–ခု ရှိနေပြီး၊ ယခင်က ဂိတ်စခန်းများ မရှိခဲ့ကြပါ။ ရွာအဝင်အထွက် ဖြတ်သန်းသွားသူတိုင်းကို စစ်ဆေးနိုင်ရန်အတွက် စစ်သား (၁၀) ယောက်ခန့်ရှိသော တပ်စိတ်တစိတ်ကို တာဝန်ပေးထားပါသည်။ အခြားတပ်ခွဲတခုကို ပင်မစစ်စခန်း၏ အနောက်တောင်ဘက် ၅–မိုင် အကွာတွင် ထပ်မံချထားခဲ့ပါသည်။ ယခုအခါ ရွာသားများ ရွာအပြင်သို့ သွားလာလိုပါက၊ နမ့်ခမ်းမြို့ရှိ ဈေးသို့သွားသည်ဖြစ်စေ၊ ရွာအပြင်ရှိ တောင်ယာလယ်ကွင်းများသို့ သွားသည်ဖြစ်စေ စစ်တပ်ကို သတင်းပို့ ခွင့်တောင်းကြရပါသည်။ စစ်စခန်းရှိ တပ်မှူးထံတွင် ရွာရှိ အိမ်ထောင်စုများ စာရင်းကောက်ခံထားပြီး၊ ဂိတ်ကိုဖြတ်သန်းသွားလာ သူတိုင်းကို သေချာတိုက်ဆိုင်စစ်ဆေးတတ်ပါသည်။

> *"ကျနော်က မန်တပ်ကျေးရွာမှာနေတဲ့ ဦးလေးဆီကို အလည်သွားတယ်။ ရွာကိုရောက်ဖို့ ဂိတ်တွေအများ ကြီးဖြတ်သွားရတယ်။ သူတို့က ကျနော့်ကို မေးခွန်းပေါင်းစုံမေးတယ်။ ကျနော်က ကျနော့်ဦးလေး ရဲ့ လယ်မှာ သွားကူပေးမယ် ပြောတယ်။ အဲဒီတော့ သူတို့က မင်းလက်သဲတွေပြစမ်းဆိုပြီး ပြခိုင်းပြန်တယ်၊ လယ်သမားလက်လို ညစ်ပတ်နေတာမျိုး ဟုတ်–မဟုတ်စစ်ပြန်တယ်။ ကျနော်ကတော့ ဘာလုပ်မလဲဆိုပြီး ကြောက်နေရတာ။"* (တွေ့ဆုံမေးမြန်းမှုအမှတ်–၅၁)

စစ်သားများက ရွာထဲဖြတ်၍ စစ်ရေးပြချီတက်နေကြစဉ်

ယခုအခါ စစ်သားများမှာ ရွာ၏နေရာ အနှံ့အပြားတွင် ရှိနေကြသောကြောင့် ရွာအတွင်းတွင် မိမိပိုင်ဆိုင်သော လယ်၊ ဥယျာဉ် ခြံများသို့ပင် မသွားရဲ မလာရဲ ဖြစ်နေကြရပါတော့သည်။ နေ့စဉ်လိုလို စစ်သားများက တန်းစီ၍ စစ်ရေးပြခြင်း၊ ရွာအတွင်း ဖြတ်၍ လမ်းလျှောက် ချီတက်ခြင်းများလည်း ပြုကြပါသည်။ လူအများမှာ မကျေမနပ်ဖြစ်နေကြပြီး ရွာအပြင်ရှိ သူတို့၏ လက်ဖက်စိုက်ခင်းများ၊ လယ်ကွင်းများသို့ သွားရန်၊ အမဲလိုက်၊ ငါးဖမ်းသွားရန်လည်း ကြောက်လန့်နေကြပါသည်။

*"ကျနော်တို့က နေ့စဉ် လယ်ထဲ ခြံထဲ ဆင်းကြတယ်၊ ဆင်းဖို့သွားလာနေစဉ်မှာ သူတို့က စစ်ရေးပြတာတွေ၊ ချီတက်တာတွေ လုပ်နေကြတယ်၊ ရွာထိပ်က အဝင်လမ်းမှာ စစ်တပ်က တန်းစီတယ်၊ အဲဒီအခါ ကျနော်တို့က ၁၅–မိနစ်၊ မိနစ်–၃၀ လောက် ရပ်ပြီး စောင့်ကြည့်နေကြရတယ်။ အကယ်၍ အဲသည်လို စစ်ရေးပြလုပ်နေတာမျိုးဆိုရင် ဘယ်သူကိုမှ ဖြတ်သန်းသွားခွင့်မပေးဘူး။ အကယ်၍ အင်မတန်ဖျားနာနေတဲ့ လူနာရှိနေရင် သူတို့လေ့ကျင့်နေတာ စောင့်နေရတာနဲ့ သေတော့မှာပဲ။ စစ်သားတွေ သူတို့ ကိစ္စပြီးတဲ့အထိ လူအားလုံးက စောင့်နေကြရတယ်။"* (တွေ့ဆုံမေးမြန်းမှု အမှတ်–၁၉)

၎င်းစစ်တပ်များ ရောက်ရှိလာပြီးသည့်နောက်ပိုင်းတွင် စစ်သားများက ၎င်းတို့၏လုပ်ပိုင်ခွင့် အာဏာကို အသုံးပြု၍ ဒေသခံအမျိုးသမီးများကို လက်ထပ်စေရန် အတင်းအကျပ် ခြိမ်းခြောက်လေ့ရှိပါသည်။ တနည်း

အားဖြင့်လည်း ကျေးရွာသားများထံမှ ငွေညှစ်ရန်၊ ပိုင်ဆိုင်မှု၊ ပစ္စည်းများ ရယူရန်အတွက် အခြားနည်းများကို အသုံးပြုလေ့ရှိကြပါသည်။

> *"ယခုနှစ် (၂၀၀၆) ခုနှစ်အကုန်ပိုင်းမှာ စစ်သားတွေက သူတို့သိမ်းထားတဲ့ လယ်တွေမှာ ရွာသားတွေကို နွေစပါးစိုက်ဖို့ ခိုင်းတယ်။ အခုတော့ စစ်တပ်က အပိုင်သိမ်းလိုက်ကြပြီ။ တနေ့တော့ ရွာသားတယောက် က သူ့နွားတွေကို အဲသည်လယ်အနီးမှာ သွားကျောင်းနေမိတယ်။ စစ်သားတွေက နွားအကောင် (၂၀) လောက်ကို သူတို့လယ်ထဲကို သူတို့ကိုယ်တိုင် မောင်းထည့်တယ်။ ပြီးတော့ ပျက်စီးသွားရတာတွေအတွက် လယ်သမားတွေဆီက လျော်ကြေးတောင်းတယ်။ နွားတကောင်ကို စပါး (၂) ပုံးနှုန်းနဲ့ ပြန်ပေးကြရတယ်။ စားစရာမရှိ လျော်စရာရှိဆိုသလို ရွာသားတွေက ကြံဖန်ပြီးပေးကြရတယ်။"* (တွေ့ဆုံမေးမြန်းမှု အမှတ်– ၈၊ ၉)

*"စစ်သားတွေ ရောက်လာကတည်းက သူတို့က ကျနော်တို့ဆန်တွေ၊ ဆီတွေ၊ ပဲတွေ၊ အိုးခွက်ပန်းကန်တွေ မတောင်းဘဲနဲ့ ယူကြတာပဲ။ ကျနော်တို့က သူတို့ကိုလည်း ကြောက်ရ၊ သူတို့သေနတ်ကိုလည်း ကြောက်နေရတော့ ဘာမှ ပြောလို့မရဘူး။"* (တွေ့ဆုံမေးမြန်းမှု အမှတ်–၂၁)

အကယ်၍ စစ်သားများက မိန်းမပျိုများကို ချစ်ကြိုက်ပါက မိန်းကလေးများမှာ မကြိုက်ကြောင်း ပြန်ငြင်းဆန်ရန် ကြောက်ရွံ့နေကြသည်။ ဤသို့မဟုတ်ပါက သူတို့ကို အတင်းအကျပ်လက်ထပ်ရန် စစ်သားများက တောင်းဆိုနိုင်သည်ကို သိထားကြသည်။ (၂၀၀၀) ခုနှစ်မှစ၍ မန်တပ်ကျေးရွာမှ အမျိုး သမီး (၂၀) ခန့်မှာ (ခမရ) ၁၄၄ မှ စစ်သား များနှင့် လက်ထပ်ထိမ်းမြားစေရန် အတင်းအဓမ္မတောင်းဆိုခံခဲ့ကြရသည်။ ရိုးရာထုံး တမ်းစဉ်လာအရ ဒေသခံအမျိုးသမီးတဦးနှင့် လက်ဆက်မည်ဆိုလျှင် ငွေသား ကျပ် (၃) သိန်းခန့် (အမေရိကန်ဒေါ်လာအားဖြင့် ၂၅၀ ခန့်) တင်တောင်းကြရလေ့ရှိသည်။ အကယ် ၍ (နအဖ) စစ်တပ်မှ စစ်သားနှင့် အိမ်ထောင် ပြုမည်ဆိုပါက အကြိတ်အနယ်ဆွေးနွေးပြီး သည့်တိုင် ငွေ(၃) သောင်းရသည်ဆိုလျှင် အလွန်ကံကောင်း၍ ဖြစ်သည်။ *"ဒီလိုဖြစ်နေတာ ဓလေ့ထုံးတမ်းတွေလည်းပျက်ကုန်ပြီ။ ဒေသခံ အမျိုးသမီးတွေလည်း သိက္ခာကျကုန်ပြီ။"* ဟု ဒေသခံအမျိုးသမီးကြီးတဦးက ပြောပါသည်။ *"သူတို့တွေရှိနေတာ ဒေသခံအမျိုး သမီးတွေရဲ့ လုံခြုံရေးအတွက် အများကြီး ပြဿနာရှိတယ်။"* ဟု ၎င်းက ထပ်ပြောပါသည်။ (တွေ့ဆုံမေးမြန်းမှု အမှတ်–၄)

**နောင်တစ်ချိန်တွင် စစ်သားများ၏ မယားအဖြစ် အတင်းဓမ္မသိမ်းသွင်းခြင်း ခံရနိုင်သည့် ပလောင်မိန်းမပျိုလေးများ**

**လုပ်အားခိုင်းစေမှု**

မန်တပ်ကျေးရွာမှ ပြည်သူများသည် အေရှဝေါလ်ကုမ္ပဏီ၏ လမ်းဖောက်လုပ်ရေးလုပ်ငန်းများတွင်လည်း (၂၀၀၁) ခုနှစ် နှစ်ဆန်းပိုင်း၌ အဓမ္မလုပ်အားပေးခဲ့ကြရပါသည်။ သူတို့၏ လုပ်အားအတွက် နေ့စား လုပ်အားခပေးမည်ဟု ကတိပြုထားခဲ့သော်လည်း၊ အဆုံးတွင် သတ်မှတ်ထားသောနှုန်း၏ တဝက်ကိုသာ (ခမရ) ၁၄၄ က ပေးပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူတဦးက ရှင်းပြသည်မှာ...

> *"သူတို့ပြောတာက တစ်ရက်ကို ၁,၅၀၀ ကျပ် (အမေရိကန် ဒေါ်လာအားဖြင့် ၁. ၂၅) ပေးမယ် ပြောတာပဲ။ ဒါပေမယ့် သူတို့က ၈၀၀ ကျပ် (အမေရိကန် ဒေါ်လာအားဖြင့် ၀. ၆၆) ပဲ ပေးတယ်။ ကျနော်ကြားတာကတော့ တပ်ရင်းက လမ်းဖောက်လုပ်ရေးအတွက် ပိုက်ဆံကျပြီးသားလို့ ပြောတယ်။ ဖြစ်နိုင်တာကတော့ တဝက်ကို သူတို့အိပ်ထဲ ထည့်လိုက်မှာပေါ့။ "*(တွေ့ဆုံမေးမြန်းမှု အမှတ်–၄၃)

မန်တပ်ကျေးရွာမှ အိမ်ထောင်စုများသည် တအိမ်ထောင်လျှင် တဦးကျ မလုပ်မနေရ လုပ်အားပေးခဲ့ကြ ရပြီး၊ ကျေးရွာမှ **(YMEC)** စခန်းသို့ (၂၀၀၂) ခုနှစ်တွင် လမ်းဖောက်လုပ်ပေး ခဲ့ကြရပါသည်။ လူ၂၀–မှ ၂၅ ဦးကို အလှည့်ကျစေလွှတ်၍ လုပ်အားပေးခဲ့ကြရပါသည်။

ကျေးရွာသားများကို လမ်းဖောက်လုပ်ရေးလုပ်ငန်းများတွင် ခိုင်းစေခဲ့ပြီး၊ လုပ်အားခ မရရှိသည်သူ လည်း ရှိပြီး၊ ရရှိသူများကလည်း မမျှတသောနှုန်းဖြင့်သာရရှိခဲ့ပါသည်။ သို့သော်လည်း တည်ဆောက်ရေးလုပ်ငန်း များတွင် ကျေးရွာလူထုများကို ငှားရမ်းအသုံးပြုခြင်းမရှိခဲ့ပါ။ တရုတ်နိုင်ငံမှ ရောက်လာသော လုပ်သားများ ကသာလုပ်ဆောင်ခဲ့ကြပါသည်။

(၂၀၀၃) ခုနှစ်၊ နိုဝင်ဘာလတွင် မန်တပ်ကျေးရွာ၌ ရွှေလီဆည်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပါသည်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနဝန်ကြီး၊ တရုတ်နိုင်ငံမှ ယူနန်ပြည်နယ် အကြီးစားစက်မှုပစ္စည်း သွင်းကုန်–ထုတ်ကုန် ကုမ္ပဏီလီမိတက် **(Yunnan Machinery Import and Export Company Limited)** ဥက္ကဋ္ဌနှင့် အေရှား ဝေါလ် ကုမ္ပဏီမှ မန်နေဂျာများက ဤဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါသည်။ ရွာသားများအနေဖြင့် တရုတ်အမျိုးသားများက မြစ်ကြောင်း တလျှောက် လှေ့လာတိုင်းထွာခြင်း ပြုနေကြ သည်ကို မြင်လာကြရပြီး ၎င်းတို့အနေဖြင့် သူတို့ကျေးရွာနှင့် ရွှေလီမြစ်အနီး ပြောင်းလဲဖြစ်ပေါ်လာမှု များကို မျက်မြင်ကိုယ်တွေ့ သိလာမြင်လာကြရပါတော့သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (USDA)[5] ခေါင်းဆောင်များသည်လည်း နမ့်ခမ်းမြို့မှ မန်တပ်သို့ ရောက်ရှိလာကြပါသည်။ ရွာသားများက အခမ်းအနားသို့ ရောက်ရှိလာသည့်အချိန်တွင် ၎င်းတို့က ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ တံဆိပ်ရိုက်နှိပ်ထားသော ကပ်ပြားများပေး၍ အင်္ကျီများတွင် တပ်ဆင်စေပါသည်။ ထို့အပြင် ဧည့်သည်များသို့ လက်ဆောင်ပေးရန်၊ စစ်ဗိုလ်ချုပ်များ၏ ထုတ်ပြန်ကြေငြာချက် များကို နားထောင်စေရန်၊ အတင်းအကျပ်ခိုင်းစေခဲ့သလို ဤစီမံကိန်းကို ထောက်ခံကြောင်း ဖော်ပြကြရန်လည်း အတင်းအကျပ်ခိုင်းစေခဲ့ကြပါသည်။

> *"ရွှေလီစီမံကိန်းဟာ တိုင်းရင်းသားတွေရဲ့ လူမှုရေးဘဝတွေကို တိုးတက်ဖွံ့ဖြိုးစေဖို့ဖြစ်ပါတယ်။ ဒီစီမံကိန်းပြီးသွားစီးတဲ့အခါ လူထုတွေအတွက်များစွာ အကျိုးရှိစေမှာ ဖြစ်စေသလို ဒီစီမံကိန်းမှထွက်လာတဲ့ လျှပ်စစ်ဓါတ်အားတွေကို တိုင်းရင်းသားလူမျိုးများအတွက် နိုင်ငံတော်က ဦးဆောင် ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးရေး စီမံကိန်းတွေအတွက် အသုံးပြုမှာသွားမှာ ဖြစ်ပါတယ်။"* (ဖွင့်ပွဲ အခမ်းအနားတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ပြောကြားသော မိန့်ခွန်းမှ)

ဤသို့ ချိုသာသော ကတိစကား မက်လုံးများကို ပြောကြားနေသော်လည်း မည်သူကမျှ လျှပ်စစ်ဓါတ်အားများကို မန်တပ် ကျေးရွာလူထုအတွက် ပြန်အသုံးပြုမည်ဟူ၍ ကတိစကားပြောဆိုခဲ့ခြင်းမရှိပါ။ ယနေ့ကာလတွင် မန်တပ်ကျေးရွာနေပြည်သူ များအနေဖြင့် ဤစီမံကိန်းမှ ထွက်ရှိလာသည့် လျှပ်စစ်ဓါတ်အားကို ၎င်းတို့ကျေးရွာအတွက် အသုံးပြုရလိမ့်မည်ဟု ယုံကြည်မှု မရှိကြသလို အဖိုးအခ ချိုချိုသာသာဖြင့် ရနိုင်လိမ့်မည်ဟုလည်း မယုံကြည်ထားကြချေ။

> *"တချို့ပြောတာကတော့ ကျနော်တို့ လျှပ်စစ်မီးရမယ် ပြောတာပဲ။ သေချာတာကတော့ စစ်တပ်ကပဲ အများဆုံး ယူထားမှာပါ။"* (တွေ့ဆုံမေးမြန်းမှု အမှတ်–၂၄)

*"ရွှေလီရေအားလျှပ်စစ် စီမံကိန်းပြီးသွားတဲ့အခါ မီးဖိုးတွေ ဈေးလျှော့ပေးသင့်တာပေါ့။ ဒါပေမယ့် ကျနော်တို့ ဘယ်လောက် သက်သက်သာသာနဲ့ ရမယ်တော့ မပြောနိုင်ဘူး။ ဈေးတက်သွားရင် လည်း တက်သွားမှာပေါ့။ အာဏာပိုင်တွေ ပြုလုပ်သလို ကျနော်တို့လည်း လိုက်လုပ်နေကြရ တာပဲ။"* (တွေ့ဆုံမေးမြန်းမှု အမှတ်–၂၅)

(၂၀၀၅) ခုနှစ်တွင် ပလောင်လူငယ် လုပ်ငန်းကွန်ရက်အဖွဲ့ (PYNG)မှ ရရှိလာခဲ့သော လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၏ စာရွက် စာတမ်းအထောက်အထားများအရ ထွက်ရှိလာသော လျှပ်စစ်ဓါတ်အားများကို စစ်တပ်ဌာနများနှင့် စစ်တပ်ပိုင်စက်ရုံများ၊ သတ္တုမိုင်းများသို့သာ ထောက်ပံ့ပေးမည် ဖြစ်ပြီး အထူးသဖြင့် နမ္မတူ၊ မုံ့ရွာနှင့် သပိတ်ကျင်းသတ္တုမိုင်းများသို့ ထောက်ပံ့ပို့ဆောင်ပေးမည်ဖြစ်သည်။ ဤစီမံချက်အရ ဒေသခံပြည်သူများအတွက် ထည့်သွင်းထားခြင်း မရှိသလို၊ ရှိပါခဲ့သော်လည်း အနည်းငယ်သာရှိပါလိမ့်မည်။ ဤစီမံကိန်းမှ ရရှိလာသောဝင်ငွေများကို စစ်အစိုးရကသာ ခံစားရရှိမည် ဖြစ်သည်။ ယူနန်ပြည်နယ် ဖက်စပ် လျှပ်စစ်ထုတ်လုပ်ရေး ကုမ္ပဏီနှင့် မြန်မာလျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန သဘော တူညီချက်တွင် ဤထွက်ရှိလာသော လျှပ်စစ်ဓါတ်အား များကို တရုတ်နိုင်ငံသို့လည်း ပေးပို့မည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် တရားဝင်ပြောကြားကြသည့် ကြေငြာချက်၊ မိန့်ခွန်းများအပြင် စစ်သားများထံမှ ကျေးရွာသားများ ကြားခဲ့ရသည့် သတင်းများအရ ဤဒေသ၏ ဖွံ့ဖြိုးရေးစီမံချက်အနေဖြင့် ရွာတွင် ဆေးရုံ တခုနှင့် မူလတန်းအထက်အဆင့် ကျောင်းတခုကို ဆောက်လုပ်မည်ဟုလည်း သိကြရပါသည်။ သို့သော် နောက်ပိုင်းတွင် ရွာသူရွာသားများက ဤစီမံကိန်းများ လက်တွေ့အကောင်အထည် ပေါ်လာကြသည် ကိုလည်းမတွေ့ကြရပါ။

**ဖွင့်ပွဲအခမ်းအနား၌ စစ်ခေါင်းဆောင်များနှင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများက ဒေသခံ အမျိုးသမီး များကို ရိုးရာဝတ်စုံများဖြင့် အတင်းအကျပ်ဖျော်ဖြေခိုင်းထားသည့် ကပွဲကို ကြည့်နေစဉ်**

*"သူတို့က ကျနော့်လယ်ကို သိမ်းလိုက်တော့ ကျနော်လည်း နောက်ထပ်လယ် သစ်တကွက်ထပ်တီထွင်ရတယ်။ ဒါမှ ရပ်တည်လို့ ရမှာကိုး။ ဒါမှလည်း ကလေးတွေ ကျောင်းပို့လို့ရနိုင်မယ်။ နောက်ထပ်လယ်ကွက်အသစ်လည်း တီထွင်ပြီးရော တရုတ်ကုမ္ပဏီက မြေအောက်ဥမင်ဖောက်နေတော့ ကျနော့်လယ်ကွက်အပေါ် မြေတွေလာပုံလိုက်တယ်။ ကျနော်လယ်လုပ်လာတာ နှစ်အတော်ကြာပြီ။ အခုတော့ ဒီဆည်ဆောက်လုပ်ရေး စီမံကိန်းကြောင့် အားလုံးလက်မြှောက် စွန့်လွှတ်လိုက်ရတော့မယ့် ပုံပေါက်နေပြီ။ အာဏာပိုင်တွေကရော၊ ကုမ္ပဏီကရော ပျက်စီးဆုံးရှုံးရတာတွေအတွက် လျော်ကြေးပေးမယ်ဆိုတာတွေ ဘာတွေလည်း ပြောသံမကြားရဘူး။ "* လယ်ကွက်ဆုံးရှုံးရသော တောင်သူတဦး (တွေ့ဆုံ မေးမြန်းမှု အမှတ်–၂၃)

# တည်ဆောက်ခြင်းလော။
# ဖျက်ဆီးခြင်းလော။

*"ကျနော်တို့ဘဝတွေက ဒီတောင်စောင်းကိုပဲ မှီခိုအားထားနေကြရတာ။ လက်ဖက်ခင်းတွေနဲ့ စပါးခင်းတွေနဲ့ပဲ ဘဝကို ရှန်းကန်နေကြရတာ။ စီမံကိန်းလည်း စလုပ်လာရော၊ ကျနော်တို့ရဲ့ ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်ခဲ့တဲ့ လယ်တွေ၊ ခြံတွေလည်း လျော်ကြေးမပေးဘဲ သိမ်းခံခဲ့ရတယ်။ ယခုချိန်အထိ ကျနော်တို့ လျော်ကြေးမရရှိသေးဘူး။ လယ်မရှိတော့ ရွာကလူတွေလည်း အလုပ်လက်မဲ့ ဖြစ်ကုန်ကြတယ်။ တခြား ဝေးလံတဲ့ဒေသတွေဆီကို သွားအလုပ်လုပ်မယ်ဆိုရင်လဲ ခရီးစားရိတ်မရှိကြဘူး။"* အမည်မသိ ကျေးရွာသားတဦး (တွေ့ဆုံမေးမြန်းမှု အမှတ်–၃၁)

ဆည်တည်ဆောက်မည့်နေရာများအတွက် မြေရှင်းလင်းခြင်း၊ စစ်စခန်းများ ဆောက်လုပ်ရန် နေရာများအတွက် သိမ်းယူခြင်းတို့အပြင် စစ်တပ်ပိုင် စိုက်ကွင်းများအတွက် ဒေသခံ ကျေးရွာသားများ၏ လယ်များ၊ ခြံများ သိမ်းဆီးခံရ၊ သို့မဟုတ် ဖျက်ဆီးခံခဲ့ကြရပါသည်။ ထိုမျှသာမက လမ်းဖောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ ဆည်မြေအတွက် မြေနေရာနှင့် ဓါတ်အားလိုင်းကြိုး နေရာများအတွက် မြေများ သိမ်းဆီးခံခဲ့ကြရပါသည်။ (၂၀၀၂) ခုနှစ်တွင် အေရှားဝေါလ်ကုမ္ပဏီက ဆည်တည်ဆောက်မည့်နေရာမှ စစ်တပ်စခန်းသို့ ဆက်သွယ်ထားသည့် လမ်းဖောက်လုပ်ခဲ့ရာ ဒေသခံပြည်သူများ၏ လက်ဖက်ခင်းများနှင့် စပါးခင်းများကို ဖြတ်သွားပါသည်။ ထို့အပြင် စိုက်ခင်းများသို့ ရေသွင်းနိုင်မည့် ရေသွင်းတူးမြောင်း၊ ရေနုတ်မြောင်းများအတွက်လည်း မြေများသိမ်း ယူကြပါသည်။ အချို့သော လယ်ကွက်မြေများမှာ ဥမင်တူးရာမှ ထွက်လာသော မြေသားများ စုပုံရာနေရာများ ဖြစ်လာကြပါ သည်။ နောက်ဆုံးဆိုရလျှင် ကျေးရွာတခုလုံးရှိ လူဦးရေတဝက်နီးပါးမျှမှာ ဆည်နှင့် ရေအားလျှပ်စစ်စီမံကိန်း စတင်ဆောင်ရွက် လာခဲ့ချိန်မှစ၍ ထိခိုက်နစ်နာခံ စားခဲ့ကြရပါသည်။ မြေဆုံးရှုံးခြင်းနှင့် ပျက်စီးမှုများတွေ့ကြုံခဲ့ကြရပါသည်။

*"ကျနော့ လယ်လည်း ဆက်လုပ်လို့မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရေသွင်းမြောင်းတခုကို ပိတ်ပြီး လမ်းဖောက်လိုက်တာ လမ်းက ကျနော့်လယ်ကွင်းနား ဖြတ်သွားတယ်။ အရင်တုန်းကဆိုရင် လယ်ထဲရေသွင်းဖို့ ဒီတူးမြောင်းကိုပဲ အားကိုးနေရတာ။ အခုလို ဖုံးအုပ်လိုက်တော့ ကျနော်တို့လည်း အသက် သွေးကြော ဖြတ်ခံလိုက်ရသလိုပဲ။ ကျနော်တို့စိုက်ခင်းတွေအတွက် ရေပေးဖို့မရှိတော့ လူတွေစား ဖို့လည်း ဆန်မရှိတော့ဘူး။"* (တွေ့ဆုံမေးမြန်းမှု အမှတ်–၂၁)

မြေယာသိမ်းခံရသူ မိသားစုများမှာ ချက်ချင်းပင် ဘဝရပ်တည်ရေးအတွက် လုံခြုံမှုမရှိတော့သလောက် ဖြစ်သွားရပါသည်။ ရွာလူထု၏ (သုံးပုံ နှစ်ပုံ) မှာ တနေ့လုပ်မှ တနေ့စား ရပ်တည်နေရသောကြောင့် မြေဆုံးရှုံးရခြင်းသည် ၎င်းတို့၏ စားဝတ်နေရေးနှင့် လုံခြုံမှုများ ဆုံးရှုံးရခြင်းနှင့် အတူတူပင် ဖြစ်ပါသည်။ ယခင်ကာလများက ရွာသားများအနေဖြင့် လယ်ယာထွက်ကုန် အပိုပစ္စည်းများကိုမြို့များသို့သွားရောက်ရောင်းချ၍ အပိုဝင်ငွေရရှိနိုင်ကြသော်လည်း၊ ယခုအခါ လယ်ယာထွက်ကုန်ပစ္စည်းများ မရှိတော့သလောက်၊ သို့မဟုတ် မပိုလျှံတော့သလောက်ပင် ဖြစ်သည်။ ထိုမျှမက လူသစ်များဒေသအတွင်းဝင်ရောက်လာခြင်းနှင့် အတူ ဆန်စျေးနှုန်းများလည်း မြင့်တက်လာခဲ့ပြီး ပို၍ဆင်းရဲကျပ်တည်းလာရပါသည်။ လယ်မြေသိမ်းခံကြရသူများ၏ အနာဂတ်သည် အထူးစိုးရိမ်ဖွယ်ကောင်းသော ဘဝပျက်ရတော့မည့် အခြေအနေဆိုက်ရောက်နေရပါသည်။

*"အရင်တုန်းက မိသားစု စားဖို့သောက်ဖို့ မပူပင်ကြရဘူး။ ကျနော့် လက်ဖက်ခင်းတွေနှင့် လယ်ကထွက် တဲ့စပါးတွေဟာ၊ တနှစ်စာဖူလုံတယ်။ အခုတော့ ဘာလျော်ကြေးမှ မပေးဘဲ ကျနော့်လယ်တွေကို သိမ်းသွားတယ်။ ဒီတော့ ကျနော့်မိသားစုလည်း စားဝတ်နေရေး ပြဿနာကြုံလာရပြီး*

*ကျနော်ဖြေရှင်းနိုင် အောင်လုပ်ရတော့မယ်။ တချို့လူတွေကတော့ မြို့ပေါ်တက်ပြီး သူတို့မိသားစု တွေ စားလောက်အောင် ကြိုးပမ်းနေကြရပြီ။ အခုဆည်ဆောက်လိုက်တာ ရွာကလူတွေကို ပိုပြီး ပိုပြီး ဆင်းရဲအောင်လုပ်လိုက်သလိုပဲ။''* (တွေ့ဆုံမေးမြန်းမှု အမှတ်–၄၈)

ဇယား (၁)

**ရွှေလီ ရေအားလျှပ်စစ် အမှတ် (၁) စီမံကိန်းကြောင့် မန်တပ်ကျေးရွာတွင် သိမ်းဆည်းခံရသော မြေကွက်များ**

| သိမ်းဆည်းခံရသော မြေဧက | နစ်နာရသော မိသားစုများ | သိမ်းဆည်းသူ | အကြောင်းပြချက် |
|---|---|---|---|
| လက်ဖက်စိုက်ခင်း (၁၀ ဧက အောက်) | ပလောင်မိသားစု ၁၂ စု | ခမရ ၁၄၄ | စစ်စခန်းဆောက်လုပ်ရန် |
| လယ်မြေဧက (၄၀ ဧက အောက်) | ပလောင်နှင့် ကချင်မိသားစု ၂၀ စု | ခမရ ၁၄၄ | စစ်တပ်အတွက် စိုက်ခင်းများပြုရန် |
| သစ်တော၊ လယ်မြေနှင့် လက်ဖက်ခင်း (၃၅ ဧက အောက်) | ပလောင်မိသားစု ၂၀ စု | ခမရ ၁၄၄ နှင့် ကုမ္ပဏီများ | ဆည်တည်ဆောက်မည့် နေရာ |
| သစ်တောနှင့် ခြံ ၂၇ ဧက အောက် | ပလောင်၊ ရှမ်းနှင့် ကချင် မိသားစု ၂၀ စု | ခမရ ၁၄၄ | လမ်းဖောက်လုပ်ရန်။ |
| လယ်မြေဧက ၂၀ အောက် | ပလောင် မိသားစု ၁၃ စု | ခမရ–၁၄၄၊ အေရှားဝေါလ်ကုမ္ပဏီနှင့် တရုတ် (YMEC) ကုမ္ပဏီ | ကုမ္ပဏီစခန်းချရာနေရာ။ လုပ်သားများ နေထိုင်ရာအဆောင်များ။ |

အချို့မိသားစုများမှ မတူသော အကြောင်းပြချက်များကြောင့် နှစ်ကြိမ်ခန့် ထပ်မံနစ်နာမှုမျိုး ကြုံရပါသည်။ မိသားစု စုစုပေါင်း (၇၀) ခန့်၊ တနည်း မန်တပ်ကျေးရွာရှိ အိမ်ခြေများ၏ တဝက်ခန့်မှာ အဓိက အသက်မွေးဝမ်းကြောင်းဖြစ်သော မြေများဆုံးရှုံးရမှုကြောင့် ထိခိုက်နစ်နာနေရပါသည်။

*''ဆည်တည်ဆောက်ရေး လုပ်ငန်းတွေလည်း နေရာလာချရော၊ ကျနော် စပါးခင်းတွေ ပျက်တော့တာပဲ။ ခမရ ၁၄၄ က စစ်သားတွေ ကျနော့်အိမ် လာကြတယ်။ သူတို့က ကျနော့်လယ်ကို ဖြတ်ပြီး လမ်းဖောက်ချင်တယ်လို့ လာပြောကြတယ်။ သူတို့က ကျနော့်မြေတန်ဖိုးအတိုင်း ပေးမယ်ပြောခဲ့တယ်။ ဒါပေမဲ့ အခုအချိန်အထိ ကျနော်ဘာမှ မရသေးသလို၊ မိသားစုအတွက်တောင် ဆန်ဝယ်စားနေကြရတယ်။ သူတို့ ကျနော့်မြေလာမသိမ်းခင်တုန်းက ကျနော်တို့ ဆန်ဝယ်စားစရာလည်း မလိုဘူး။ နှစ်စဉ်နှစ်တိုင်း ကျနော့်လယ်က မိသားစုအတွက်ဖူလုံတယ်။''* (တွေ့ဆုံမေးမြန်းမှု အမှတ်–၃၄)

*''ကျနော့်အဖိုးက ဒီလယ်တွေ လုပ်လာခဲ့တာ တီထွင်ခဲ့ပြီး သူမိသားစုစာဝတ်လည်း ဖူလုံခဲ့တယ်။ အခု ကျနော့်လက်ထက်မှာလည်း ဒီလယ်တွေမှာ ထွက်တဲ့ စပါးတွေက ကျနော့်မိသားစုအတွက် ဖူလုံနေတုန်းပဲ။ အရင်တုန်းက မိသားစုအတွက် အစားအသောက် မဖူလုံမှာ လုံးဝစိုးရိမ်စရာ မလိုဘူး။ ဒါပေမယ့် ဆည်လာဆောက်တဲ့အချိန်ကစပြီး ကျနော့်မိသားစုစားဖို့ ဆန်ကို တခြား မိသားစုတွေ ဆီကချေးရတယ်။ ခမရ ၁၄၄ က အရာရှိတယောက် ရောက်လာပြီး ကျနော်တို့လယ် တွေကို သိမ်းပြီးရင် လျော်ကြေးပေးမယ်လို့ ပြောခဲ့တယ်။ အခုတော့ မိသားစု ဖူလုံဖို့အတွက် ကျနော် အလုပ်ကို ပင်ပင်ပန်းပန်း ရှန်းကန်နေရပြီ။ အခုအချိန်အထိတော့ လျော်ကြေးတွေ ဘာတွေလည်း ရတာ မရှိသေးဘူး။''* မန်တပ်ကျေးရွာမှ ပလောင်လယ်သမားတဦး (တွေ့ဆုံမေးမြန်းမှု အမှတ်–၃၀)

မြေအောက်ဥမင်ကို ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲတူးဖော် နေမှုကြောင့် သားရိုင်း တိရစ္ဆာန်များလည်း ထွက်ပြေးကုန်ကြသည်။ (စိုက်ပျိုးမြေကွက်ပေါ်တွင် တူးဖော်ထားသောမြေ သားများ စုပုံထားစဉ်)

ဤသို့ စိုက်ပျိုးမြေများ အသွင်ပြောင်းသွားခြင်း၊ ပျက်စီးကြရခြင်းနှင့်အတူ လူအများ ပို၍ ဝင်ရောက်အခြေချနေထိုင်လာကြခြင်း၊ ဆည်တည်ဆောက်ရာနေရာတွင် သစ်တောပြုန်းတီးခြင်း၊ ဥမင်ဖောက်ရန်အတွက် ဒိုင်းနမိုက်များဖြင့် ဖြိုခွဲခြင်း၊ စသည်များကြောင့် တောရိုင်းတိရစ္ဆာန်များလည်း ထွက်ပြေးကုန်ကြပါသည်။ စစ်သားများနှင့် အာဏာပိုင်များကလည်း တောရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်ဖမ်းဆီးကြခြင်းများလည်းရှိပါသည်။

*“ကျနော့်တောင်ယာကွင်းနဲ့ လက်ဖက်ခင်းထဲသွားရင် အရင်တုန်းက ဆင်တွေ၊ သမင်တွေ၊ အခြား တောရိုင်းတိရစ္ဆာန်တွေ ရွာနီး ချုပ်စပ်မှာ နေကြတာကို တခါတလေ တွေ့ကြရတယ်။ သူတို့ကလည်း လူကိုအန္တရာယ်မပေးကြဘူး။ အခု ဆောက်လုပ်ရေး လုပ်ငန်းတွေလည်း စလာရော၊ မြန်မာ့သစ်တောလုပ်ငန်းက ဆင် ၂-ကောင် ဖမ်းသွားတယ်။ ပြီးတော့ ၂၀၀၃ ခုနဲ့ ၂၀၀၄ ခုမှာ အဲဒီဆင်တွေကို မြန်မာ့ဆင်လုပ်ငန်းဌာနကို ပို့လိုက်တယ်။ အခုတော့ ဆင်တကောင်မှ မမြင်ရတော့ဘူး။”* မန်တပ် ကျေးရွာမှ လယ်သမားတဦး (တွေ့ဆုံမေးမြန်းမှု အမှတ်-၄၄)

*“အရင်တုန်းက ကျနော်အမဲလိုက်တဲ့အခါ သားကောင်ရဖို့ အဝေးကြီး သွားရတာမျိုး မရှိဘူး။ တိရစ္ဆာန်တွေကို အနီးမှာပဲရ တယ်၊ အခု ဆောက်လုပ်ရေးတွေ လုပ်နေကြတဲ့နေရာပဲ။ ကျနော် တပတ်တခါလောက် အမဲထွက် လိုက်တယ်။ အခုတော့ ဆည်ဆောက်တဲ့နေရာပတ်ဝန်းကျင်မှာ သစ်တောဆိုလို့ မရှိတော့ဘူး။ တောကောင်တွေလည်း မရှိတော့ဘူး။ ဒါ့အပြင် စစ်သားတွေ ရွာကိုရောက်လာကြတော့ တခါတလေ လူစုလူဝေးနဲ့ သူတို့က အမဲလိုက်ထွက်ကြတယ်။ အခုတော့ ဆည်ဆောက် တဲ့နေရာနားမှာ အမဲထွက်လိုက်ဖို့ဆိုရင် ကျနော် အတော်ကြောက်နေရတယ်။ စစ်သားတွေက တခုခု ရန်ပြုလိုက်ရင်ဒုက္ခပဲ ဆိုပြီး တွေးပူနေရတယ်။ ”* မန်တပ်ကျေးရွာမှ မုဆိုးတဦး (တွေ့ဆုံမေးမြန်းမှု အမှတ်- ၄၇)

*“ရွှေလီ ရေလှောင်တမံက ကျနော်တို့နဲ့ နီးနီးလေး၊ ဒါပေမယ့် ကျနော်တို့က လျှပ်စစ်သုံးခွင့် မရကြဘူး။ ဒီမြစ်က ကျနော်တို့ မြစ်၊ ဒီမြေကြီးကလည်း ကျနော်တို့ မြေပဲ။ ဒါပေမယ့် လျှပ်စစ်မီးနဲ့ ရလာတဲ့ အကျိုးအမြတ်တွေကျတော့ ကျနော်တို့ မခံစားကြဘူး။”* မန်တပ် ကျေးရွာသားတဦး (တွေ့ဆုံမေးမြန်းမှု အမှတ်-၂၈)

**အလိမ်အညာ ကတိကဝတ်များနှင့် လက်တွေ့ရလဒ်များ**

ဤစီမံကိန်းအတွက် ဆောင်ရွက်ခဲ့သော လမ်းဖောက်လုပ်ရေး လုပ်ငန်းများကြောင့် ဒေသခံပြည်သူများ အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းလာမည်ဟု (နအဖ) စစ်အစိုးရက ကြွားဝါခဲ့သော်လည်း၊ ဤ လမ်းများကို စစ်သားများ၊ စက်ပစ္စည်းများနှင့် စက်ယန္တရားများ သယ်ယူပို့ဆောင်ရေးအတွက်သာ အဓိကအသုံးချခဲ့သည်ကို တွေ့ရပါသည်။ မန်တပ်ကျေးရွာမှ ရွာသားတဦးက မကျေမနပ်နှင့် ပြောဆိုရာတွင်...

> *“အရင်တုန်းက တောလမ်းတွေအတိုင်း ကျနော်တို့ ခရီးသွားလို့ရကြတယ်။ သာယာနေတာပဲ။ ကျနော်တို့ လယ်တွေခြံတွေက ထွက်တဲ့ပစ္စည်းတွေ၊ လက်ဖက်တွေသယ်ပြီး မြို့မှာ သွားရောင်း ကြတယ်။ မြင်းတွေ လားတွေနဲ့သယ်ပြီး ဒီလိုပဲ သွားကြ တာပဲ။ အခုတော့ လမ်းတွေကတော့ ကောင်းပါရဲ့၊ သွားရောင်းစရာ လယ်ယာထွက်ကုန်တွေက မရှိတော့ဘူး။ ပြီးတော့ စစ်ဆေးရေး ဂိတ်တွေ အဆင့်ဆင့်ဖြတ်ပြီး သွားကြရတယ်။ အမှန်မှာ ပြောရရင် ကူးသန်းသွားလာရေးက ပိုခက်သွားတယ်။ အခြေအနေက ပိုဆိုးသွားတယ်။ ကျနော်တို့လည်း ဝင်ငွေ မရှိတော့ဘူး။ ”*
> (တွေ့ဆုံမေးမြန်းမှု အမှတ်– ၂၂)

သို့သော်လည်း ကုန်သည်များနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေသူများမှာ ဤစစ်ဆေးရေး ဂိတ်များကို ငွေပေး၍ လမ်းဖြောင့်အောင် သွားနိုင်ကြပါသည်။ မန်တပ်သို့ ပစ္စည်းများပို့ဆောင်လာရေးမှာ ပိုမိုလွယ်ကူလာပါသည်။ ဘိန်းဖြူ ဘိန်းမဲ အမျိုးမျိုး နှင့် စိတ်ကြွဆေး မက်သာအမ်ဖီတမင်းဆေးပြား

မန်တပ်ကျေးရွာမှ စစ်တပ်ဆေးပေးခန်းအသစ် (စစ်တပ် အတွက်သာဖြစ်ပြီး၊ ရွာသား များ ကုသခွင့် မရှိပါ။)

မန်တပ်ကျေးရွာမှ ကျောင်းအသစ် (ကလေးအများစုမှာ ကျောင်းဆက်လက်နေနိုင်ခြင်း မရှိကြပါ။)

များလည်း ကျေးရွာတွင် ရောက်ရှိလာကြပါသည်။ လူငယ်များအတွင်းမှ မူးယစ်ဆေးစွဲသူများလည်းရှိလာခဲ့ပါသည်။

ကျေးရွာတွင် ဆေးရုံဆောက်ပေးမည်ဟု ပြောဆို သံကြားခဲ့ရသော်လည်း၊ ယခုအချိန်အထိ လက်တွေ့အကောင်အထည် မပေါ်လာသေးပါ။ သို့ သော် စစ်သားများအတွက်သာ အထူးကောင်းမွန် သောဆေးခန်းတခု ဖွင့်လှစ်ပြီးစီး၍ စတင်လည် ပတ်နေပြီ ဖြစ်သော်လည်း ရွာသားများမှာမူ ဤဆေးပေးခန်းတွင် ကုသခွင့် မရရှိကြပါ။

မူလတန်းလွန်အဆင့်ထိ သင်သည့်ကျောင်းတ ကျောင်းကိုမူ ၂၀၀၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ ပြီး၊ အုတ်နှင့် ဆောက်လုပ် ထားကာ အခန်း (၆) ခန်းပါဝင်ပါသည်။ ဤကျောင်းဆောက်လုပ်ရန်အ တွက် အစိုးရက ထောက်ပံ့ငွေကျပ်သိန်း(၂၇၀) ထောက်ပံ့ပေးခဲ့ပါသည်။ အဆောက်အဦး အရွယ် အစားနှင့် အသုံးပြုထားသည့် ပစ္စည်းများကို ကြည့် ၍ ခန့်မှန်းလျှင် ကျောင်းဆောက်လုပ်သည့် ကုန်ကျ စားရိတ်သည် ကျပ်သိန်း (၁၅၀)ထက်မပိုနိုင်ပါ။ သို့ သော်လည်း ကျန်ရှိသည့် သိန်း (၁၂၀) မည်သို့ဖြစ် သွားသည်ကို မည်သူမျှမသိနိုင်ကြပါ။ မူလက မူလ တန်းလွန်အဆင့် ကျောင်းဆောက်လုပ်မည်ဟု မှန်း ထားသော်လည်း သူငယ်တန်းမှ (၈)တန်း အထိ အခန်း (၈) ခု ရှိရမည် ဖြစ်ပါသည်။ ယခု တော့ စာသင်ခန်း (၆)ခုသာရှိပြီး အချို့အခန်းများတွင် (၂)တန်း တပြိုင်တည်း ပေါင်း၍သင်နေကြရပါသည်။ ကျေးရွာအုပ် ချုပ်ရေးနှင့် ကျောင်းအုပ်ချုပ်ရေးကို စစ်တပ်က တင်းကျပ်စွာ ချုပ်ကိုင်ထားပြီး ကျောင်းအုပ်ကြီးမှာ

ကျောင်းစာသင်ခန်းတွင် ရှိနေရမည့်အစား၊ အချိန်များစွာတွင် စစ်တပ်စခန်းသို့သွား၍အချိန်ဖြုန်းနေရပါသည်။

ယခုအချိန်တွင် ရွာသားများသည် လယ်မြေများ ဆုံးရှုံးခဲ့ကြရပြီး၊ အလုပ်လက်မဲ့များ ဖြစ်နေပါသည်။ မိသားစု ရှင်သန်ရပ်တည် နိုင်ရေးအတွက် မိဘများက ရုန်းကန်နေကြရသောကြောင့် သူတို့၏ ကလေးများကို လည်း ကျောင်းမပို့နိုင်ကြတော့ပါ။ ကျောင်းထုတ်ခဲ့ကြ ရပါသည်။ အချို့သူများက ပြောဆိုကြရာတွင် ရွှေလီရေ အားလျှပ်စစ်စီမံကိန်း မစတင်မီက ရွာကျောင်းကလေးသည် ဝါးအကာနှင့်သာ ဖြစ်သော်လည်း ကလေးများ စာသင်နိုင်ခဲ့ကြသည်။ သို့သော်လည်း ယခုအချိန် တွင် ကျောင်းက အုတ်ခံကျောင်းဖြစ်လာသော်လည်း မိဘများက သူတို့ကလေးများကို ကျောင်းမထားနိုင်တော့သည့် အခြေအနေဖြစ်နေရသည်။

ဆည်တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးလျှင် လျော်ကြေးများ ပေးမည်ဟု စစ်တပ်က ပြောဆိုခဲ့ကြပါသည်။ ယနေ့ကာလတိုင် ကျေးရွာသားများမှာ သိမ်းပိုက်ခံရသော သူတို့၏မြေများအတွက် မည်သို့သော လျော်ကြေးငွေမျှ မရရှိသေးပါ။ ဆည်တည်ဆောက်မှုက ပြီးစီးတော့မည် ဖြစ်သည်။ ဓါတ်ကြိုးသွယ်တန်းရာ လမ်းတလျှောက်ရှိ အချို့သော ကျေးရွာသားများမှာ လျော်ကြေး ငွေ အချို့ရရှိသော်လည်း၊ အမှန်မြေပေါက်ဈေး၏ (သုံးပုံတပုံ) ခန့်သာရရှိကြ ပါသည်။ *“ဒီငွေ ရဖို့ကိုတောင် ကျနော်တို့က အာဏာပိုင်တွေကို အကြိမ်ကြိမ်တင်ပြနေကြရတယ်။ ဒီလောက်ရတာကိုတောင် ကံကောင်းတယ်လို့ မှတ်ရဦးမယ်။”* ကျေးရွာရှိ သက်ကြီးအိုတဦးက ပြောပါသည်။ (တွေ့ဆုံမေးမြန်းမှု အမှတ်–၁၆) ကျေးရွာလူထုအများစုက လျော်ကြေးငွေမရရှိ သေးသည့်အတွက် စောဒကတက်၍ တင်ပြလိုကြ သော်လည်း သူတို့က စစ်သားများကို ကြောက်ရွံ့နေကြရသည်။

**တရုတ်လုပ်သားများ ဝင်ရောက်လာခြင်း။**

တရုတ်လုပ်သားများ ရောက်လာကြသောအခါ၊ စစ်သားများ၏ ဇနီးများက ဈေးဆိုင်များဖွင့်၍ အရက်နှင့် အခြားမုန့်ပဲသွားရေစာများ ရောင်းချကြပါသည်။ ကျေးရွာမှ ဆယ်ကျော်သက်ကလေးများကလည်း ၎င်းရောင်းချနေသည့် အဖျော်ယာမကာနှင့် သွားရေစာများကို နှစ်သက်လာကြပြီး၊ မိဘများကိုလည်း စိတ်ရှုပ်စေအောင် ပူဆာတောင်းဆိုလာကြပါသည်။ တရုတ်လုပ်သားများက ဒေသခံပြည်သူများထက် ဝင်ငွေပိုမိုရရှိကြရာ၊ ဈေးဆိုင်ပိုင်ရှင်များက ဈေးကို လိုသလောက်မြှင့်တင် နိုင်ကြပါသည်။ နောက်ပိုင်းတွင် နေ့စဉ်သုံးနေကြ လူသုံးကုန်ပစ္စည်းများဖြစ်သည့် လယ်ယာသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများလည်း ဒေသခံ ပြည်သူများ မတတ်နိုင်လောက်အောင် ဈေးခေါင်ခိုက် မြင့်တက်ကုန်ကြပါတော့သည်။



*“စစ်သားတွေကလာပြီး ကျနော့် ဟင်းသီးဟင်းရွက်စိုက်ခင်းကို လာသိမ်းသွားကြတယ်။ ပြီးတော့ ကျနော်တို့ရွာကို ဖြတ်ပြီး ဓါတ်အားလိုင်းဖြတ် ဖောက်သွားကြတယ်။ ဒါနဲ့ ကျနော့်စိုက်ခင်းလည်း ဘူဒိုဇာနဲ့ ထိုးကော်တာ ခံလိုက်ရတယ်။ လျှပ်စစ်ဓါတ်အားလိုင်း ဖောက်လုပ်ပြီးတဲ့အခါ ကျနော့်စိုက်ခင်း ပျက်စီးရတဲ့အတွက် လျော်ကြေးပြန်ပေးမယ်လို့ ပြောတာပဲ။ စစ်သားတွေဆီက လျော်ကြေးရဖို့ ဘယ်လိုလုပ်ရမယ်ဆိုတာလည်း ကျနော်မသိဘူး။”* မန်ဆန်ကျေးရွာမှ ရွာသားတဦး (တွေ့ဆုံမေးမြန်းမှု အမှတ်–၄၅)

# စစ်အစိုးရနှင့် မိတ်ဖက်တရုတ်ကုမ္ပဏီများအတွက် ရှေ့ဆောင်ရွက်မည့်အစီအစဉ်များ

**မန်တပ်ကျေးရွာအတွက် အနာဂတ်အလားအလာများ**

ယခုအခါ ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်းမှာ (၅၀) ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သော်လည်း မန်တပ်ကျေးရွာနေ ပြည်သူများအဖို့ လမ်းဖောက်လုပ်မှု၊ ရွှေလီမြစ်ကို ပိတ်၍ ဆည်တည်ဆောက်မှု၊ ကျေးရွာအောက်ရှိ တောင်ကုန်းကို ဖြတ်၍ ဥမင်ဖောက်ခွဲတူးဖော်နေမှု စသည်များကြောင့်ဖြစ်ရသော ပျက်စီးဆုံးရှုံးရမှုများကို တားဆီးနိုင်ရန်အတွက် အခွင့်အလမ်းမရှိတော့သလောက်ပင်ဖြစ်ပါသည်။ ရွာသူရွာသား မျှော်လင့်ထားကြသည်မှာ အနည်းဆုံး လျှပ်စစ်မီးကို အဖိုးအခချိုချိုဖြင့် ရရှိသုံးစွဲနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြပြီး သူတို့ဆုံးရှုံးခဲ့ရသော စပါးစိုက်ခင်းများနှင့် လက်ဖက်ခင်းများအတွက် သင့်လျော်သော လျော်ကြေးများ ပြန်လည်ရရှိရန်လည်း မျှော်လင့်နေကြသည်။ သို့သော်လည်း မန်တပ်ကျေးရွာအနေဖြင့် ဆုံးရှုံးခဲ့ရမှုများအတွက် လျော်ကြေးများ ပြန်လည်ရရှိနိုင်လိမ်မည် မထင်ပါ။

မြေယာများ ဆုံရှုံးရမှု၊ သဘာဝ အရင်းအမြစ်များ ဆုံးရှုံးရမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆုံးရှုံးရမှုတို့ကြောင့် အဟာရချို့တဲ့မှုများဖြစ်လာရပြီး ကျန်းမာရေး၊ ပညာရေး အခွင့်အလမ်းများကိုလည်း ထိခိုက်နစ်နာစေခဲ့ပါသည်။ မိသားစုများများ ဤဆိုးကျိုးကို မျိုးဆက်နှင့်ချီ၍ နစ်နာခံစားကြရမည်ဖြစ်သည်။ အလုပ်အကိုင် မရှိသောသူများသည် အခြားဒေသများသို့ ထွက်ခွါသွားကြရပြီး ဤသို့ပြောင်းရွှေ့အခြေချမှုများကြောင့် နောက်ပိုင်းတွင် မြေယာနှင့် ပတ်သက်၍သော်လည်းကောင်း၊ အရင်းအမြစ်များနှင့် ပတ်သက်၍သော်လည်းကောင်း ပဋိပက္ခများ ပေါ်ပေါက်လာဖွယ် ရှိနေပါသည်။ အလုပ်လက်မဲ့ဖြစ်ရမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု များသည်လည်း မိသားစုများအပေါ် ဝန်ထုပ်ဝန်ပိုး ဖိစီးလာစေပြီး ဤစိတ်ဖိစီးမှုများကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုများလည်း ဖြစ်ပေါ်လာပါသည်။ ရွာအနီးတွင် စစ်တပ်က တပ်စွဲစခန်းချထားမှု သည်လည်း ခြိမ်းခြောက်မှုတခု ဖြစ်နေပြီး၊ ဒေသခံ မိန်းမပျိုလေးများက စစ်သားများနှင့် နောက်ထပ်မည်မျှ အိမ်ထောင်ပြုကြမည်ကို မည်သူကမျှ မသိနိုင်ပါ။ အကယ်၍ ရေအားလျှပ်စစ် စက်ရုံတည်ဆောက်ပြီးစီးပါက နောက်ထပ် စစ်သားများပို၍ တပ်စွဲချထား လာမည်ကိုလည်း ရွာသားများက စိုးရိမ်နေကြပါသည်။ ကျေးရွာ လူထုများက ကြောက်ရွံ့စိုးရိမ်နေရခြင်းနှင့်အတူ ခရီးသွားလာခွင့်များ ကန့်သတ်ချုပ်ချယ်ခံကြရသောကြောင့် ကျေးရွာ၏ လူနေမှုဘဝ အခြေအနေမှာ လုံးဝပြောင်းလဲသွားခဲ့ရပါသည်။ ဤအခြေအနေသည် ပို၍ပင် ဆိုးရွားကျပ်တည်းလာဖွယ် ရှိနေပြီး ဤသို့ရေရှည်တွင် နစ်နာဆုံးရှုံးရမည့် ကိစ္စများသည် ရေတိုရရှိသည့် အကျိုးအမြတ်များထက်စာလျှင် များစွာကြီးလေးနေပါသည်။

တည်ဆောက်–လုပ်ကိုင်–လွှဲပြောင်းဟူသော (BOT) သဘောတူညီချက်အရ ဆိုလျှင် ယူနန် ဖက်စပ်လျှပ်စစ်ထုတ်လုပ်ရေး ကုမ္ပဏီ (YUPD)က လျှပ်စစ်ဓါတ်အားပေးစက်ရုံကို နှစ်–၄၀ ကျော် စီမံခန့်ခွဲလည်ပတ်မည် ဖြစ်ပြီး၊ နောက်ပိုင်းတွင် မြန်မာအစိုးရထံသို့ ဤစီမံကိန်းကို လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။ ဤနှစ်–၄၀ကျော် ကြာပြီးသည့် အခြေအနေနောက်ပိုင်းတွင် ဆည်သည်လည်း ချိနဲ့မခိုင်မာတော့ဘဲ ရှိနေနိုင်ပြီး၊ ရေအားလျှပ်စစ် ထုတ်နိုင်သော စွမ်းအင်လည်း ကျဆင်းသွားမည်မှာ အမှန်ပင်ဖြစ်သည်။ ကချင်ပြည်နယ်တွင် ဆည်ကျိုးပေါက်ရမှု ၇ များကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရက ချမှတ်ဆောင်ရွက်ထားသော လုံခြုံရေးဆိုင် ရာစံသတ်မှတ်ချက်များမှာ ယုံကြည်နိုင်ဖွယ်မရှိဘဲ၊ အားနည်းချက်များရှိနေကြောင်း သိသာထင်ရှားစေပါသည်။ ဆည်ကျိုးပေါက်မှု အန္တရာယ်ကြုံရနိုင်သလို၊ အခြားစီမံခန့်ခွဲမှု ချွတ်ချော်တိမ်းပါးမှုများကြောင့်လည်း ထိုဒေသနေလူအများအတွက် ဘေးအန္တရာယ်များနှင့် ကြုံရနိုင်ပါသည်။

ဆည်တည်ဆောက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုများဖြစ်ပေါ်လာမည့် ရေရှည်အကျိုးဆက်များကို ထည့်တွက်စဉ်းစားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော သဘာဝပတ်ဝန်းကျင်

ထိခိုက်လာမှုကြောင့် တောရိုင်းတိရစ္ဆာန်များနှင့် အပင်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သလို၊ လူထုအများ၏ ကျန်းမာရေးကိုလည်း တိုက်ရိုက် ထိခိုက်မှုရှိနိုင်ပါသည်။ ထို့မျှမက လူထုအများ၏ အသက်မွေးဝမ်းကြောင်း ရပ်တည်မှုနှင့် ရေရှည်တည်တန့်ခိုင်မြဲမှုကိုလည်း ထိခိုက်လာပါလိမ့်မည်။ ဤသို့ဖြင့် ဒေသတခုလုံး၏ စီးပွားရေးများကိုလည်း ထိခိုက်မှု ဖြစ်စေနိုင်ပါသည်။ ထို့အပြင် ဆိုစေကာမူ ဤစီမံကိန်း အတွက် ဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာနိုင်မှုများကို အကဲဖြတ်စစ်ဆေးရန်အတွက် စစ်ဆေးချက်များ စီမံဆောင်ရွက်ခဲ့မှု မရှိခဲ့ပါ။

မြေယာများ အခြားပျက်စီး ဆုံးရှုံးကြရသော ကျေးရွာနေ ရွာသူရွာသားများအနေဖြင့် ဆည်တည်ဆောက်ပြီးစီးပါက မည်သည့်အကျိုးခံစားခွင့်များ ရရှိနိုင်ကြမည်နည်း။ ကျေးရွာလူထုများအနေဖြင့် လျှပ်စစ်မီးရရှိသုံးစွဲနိုင်ကြမည်လား။ သူတို့အနေဖြင့် ရေနံဆီမီးအိမ်ကိုပင် ဆက်လက်ထွန်းညှိ သုံးစွဲနေကြရဦးမည်လော။ အကယ်၍ လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ပါကလည်း မည်မျှအတိုင်းအတာအထိ ရရှိကြမည်နည်း။ လျှပ်စစ်ဓါတ်အားအတွက် အဖိုးအခ နောက်ထပ်မည်မျှ သူတို့ပေးဆောင်နေကြရဦးမည်နည်း။ ဤမေးခွန်းများလည်း အဖြေမရှိ ဆက်လက်ကျန်ရှိနေပါသေးသည်။

**ထပ်မံ တည်ဆောက်ရန် ကျန်ရှိနေသေးသော [ရွှေလီ အမှတ်–၂ နှင့် အမှတ်–၃ ဆည်များ]**

စစ်အစိုးရမှ ထုတ်ဝေနေသော မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးတစ်ပုဒ်၏ အဆိုအရ "ရွှေလီ အမှတ် –၂ နှင့် အမှတ် –၃ ရေအားလျှပ်စစ် စီမံကိန်းများကိုလည်း ဆက်လက်စီစဉ်ထားပြီးဖြစ်ကြောင်း" ၂၀၀၇ ခုနှစ်၊ ဧပြီလထုတ် သတင်းစာတစောင်တွင် ဖော်ပြထားပါသည်။ ဤရေအားလျှပ်စစ် စီမံကိန်းများသည် မိုးမိတ်မြို့နယ်ဒေသဝန်းကျင်တွင် တည်ဆောက်မည်ဖြစ်ပြီး၊ ယူနန်ပြည်နယ် အကြီးစားစက်မှုပစ္စည်း သွင်းကုန်–ထုတ်ကုန် ကုမ္ပဏီလီမိတက် (Yunnan Machinery Import and Export Company Limited)နှင့် ဖက်စပ်ဆောင်ရွက်မည်ဟုဖြစ်သည်။ ရွှေလီ အမှတ်–၂ ရေအားလျှပ်စစ်စီမံ ကိန်းသည်၊ အမှတ်–၁ စီမံကိန်း၏ မြစ်အောက်ဘက် ၁၂. ၅ မိုင် အကွာတွင် တည်ရှိမည်ဖြစ်ပြီး၊ သိုလှောင်ထားနိုင်သည့် လျှပ်စစ်ဓါတ်အားထုတ် ပမာဏမှာ ၄၆၀ မဂ္ဂါဝပ် (MW)ရှိမည်ဖြစ်သည်။ ရွှေလီအမှတ်–၃ စီမံကိန်းမှာ အမှတ်–၂ စီမံကိန်း၏ မြစ်အောက်ပိုင်း မိုင်(၃၀)အကွာတွင်ရှိပြီး သိုလှောင်ထားနိုင်သော လျှပ်စစ်ဓါတ်အားထုတ် ပမာဏမှာ ၃၆၀ မဂ္ဂါဝပ် (MW)ရှိမည် ဖြစ်သည်။ [၅] သို့သော်လည်း ဤရေအားလျှပ်စစ်စီမံ ကိန်းများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိသေးပါ။ ၎င်းတည်ဆောက်ရေး လုပ်ငန်းများအတွက် အစပျိုးပြင်ဆင်မှုများစတင်နေပြီဖြစ်ပြီး၊ ပလောင်လူငယ်လုပ်ငန်းကွန်ရက်အဖွဲ့ (PYNG)အနေဖြင့် မန်တပ်ကျေးရွာနေ ပြည်သူများတွေ့ကြုံခံစားခဲ့ရသလို မြစ်အောက်ပိုင်းဒေသနေ ပြည်သူများလည်း နစ်နာခံစားကြရမည်ကို အထူးစိုးရိမ်မိပါသည်။

ယခုအခါ နမ့်ဆန်မှ မိုးမိတ်သို့ ကျောက်ခင်းလမ်းကို ဖောက်လုပ်ရန်အတွက် ဒေသရှိ ပလောင်၊ ကချင်နှင့် ရှမ်းလူမျိုးများ နေထိုင်ရာ ကျေးရွာ (၃၀) ကို အခမဲ့လုပ်အားပေးစေရန်အတွက် အမိန့်စာများထုတ်၍ ညွှန်ကြားထားပြီး ဖြစ်ပါသည်။ (၂၀၀၇) ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် ကျေးရွာနှစ်ရွာမှ ရွာသား (၁၀၀) ခန့်ကို ဆင့်ခေါ်၍ လမ်းဖောက်လုပ်ရေးအတွက် ၅–ရက်ကြာ လုပ်အားပေးရန် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက အမိန့်ထုတ်လာခဲ့ပါသည်။ ကျေးရွာလူထုတဦး၏ ပြောပြချက်အရ တိုင်းစစ်ဌာနချုပ်က အလုပ်ခိုင်းစေသူများ စားသုံးရန်အတွက် ဆန်ရန်ပုံငွေ ထောက်ပံ့ပေးခဲ့သော်လည်း၊ ဤငွေများမှာ "ဒေသခံ အာဏာပိုင်များ (ဒေသခံ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) လက်တွင် ပျောက်ကွယ်သွားရပါသည်။" လုပ်အားပေးကြရသော ဒေသခံပြည်သူများမှာ လုပ်အားခ တစိုးတစိမျှ မရရှိခဲ့ကြပါ။

ဤသို့ လမ်းဖောက်လုပ်ရေး လုပ်ဆောင်နေစဉ်တွင် လုပ်အားပေးတစ်ဦးမှာ မြေပြိုကျသောကြောင့် ခါးကျိုးသွားခဲ့ရပါသည်။ ထိုသူမှာ မန္တလေး ဆေးရုံသို့ တက်ရောက် ကုသခံခဲ့ရပြီး၊ ထိုသို့ဆေးဝါးကုသရန်အတွက် ၎င်း၏ငွေကျပ် တသိန်းခန့် (အမေရိကန်ဒေါ်လာ ၈၀၀ ခန့်) အသုံးပြုခဲ့ရ ပါသည်။ သို့သော်လည်း အာဏာပိုင်များက မည်သို့မျှ ကူညီဆောင်ရွက်ပေးခြင်း မရှိသလို၊ နစ်နာရသူ၏ မိသားစုအတွက် လည်း မည်သို့မျှ ထောက်ပံ့ပေးခြင်းမရှိခဲ့ပါ။

ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စီမံကိန်းသည် ရေစီးဆင်းမှုကို ရပ်တန့်မပစ်ဘဲ မြစ်ကြောင်းကို ဆက်လက်စီးနေစေသော ဆည် အမျိုးအစား ဖြစ်ပါသည်။ မြစ်ရေကို သိုလှောင်ပိတ်ဆို့ထားခြင်း မဟုတ်ဘဲ၊ ရေလွှဲမြောင်းစနစ်ဖြင့် ပြောင်းလဲစီးဆင်းစေ သော စနစ်ဖြစ်ပါသည်။ သို့သော်လည်း ရွှေလီ အမှတ် (၂) နှင့် အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်းများတွင် မည်သို့သော စနစ်ဖြင့် ဆည်ပိတ်မည်ကို တိတိကျကျ သိရှိရခြင်း မရှိသေးပါ။ ရွှေလီ အမှတ် (၂) နှင့် အမှတ် (၃) စီမံကိန်းများသည် အနီးရှိ မြေပြန့်ဒေသဖြစ်ပြီး၊ ကျေးရွာနေလူထုအများစုမှာ မြစ်ကြောင်းတစ်လျှောက်၌ စပါး၊ ပြောင်းနှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုး၍ အသက်မွေးဝမ်းကြောင်း ပြုနေကြရပါသည်။ ဤသို့ မြေဩဇာကြွယ်ဝသော မြေများမှာ ရေမြုပ်ခံရဖွယ်ရှိပြီး၊ ဒေသခံ ကျေးရွာလူထုများအနေဖြင့် အခက်အခဲများစွာနှင့်ကြုံတွေ့ရဖွယ်လည်း ရှိနေပါသည်။

### *လျှပ်စစ်ဓါတ်အားလိုင်း တည်ဆောက်ခြင်း*

ရွှေလီ အမှတ်–၁ ရေအားလျှပ်စစ် စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓါတ်အားများကို သယ်ဆောင်ပေးမည့် ကောင်းကင်ကြိုး

**တရုတ်နိုင်ငံအတွက်နှင့် စစ်တပ်၏ သတ္တုတွင်းများအတွက် လျှပ်စစ်ဓါတ်အား**




မန်ကန်းကျေးရွာမှ အဓမ္မလုပ်အားပေးခဲ့ခံရသူတဦး ပြောပြသည်မှာ…

*"ကျနော်တို့က တနေ့လုပ်မှ တနေ့စား ရှန်းကန်နေကြရတဲ့ သူတွေပါ။ ကိုယ်ပိုင်လယ်လည်း မရှိတော့ သူများခြံတွေ၊ လယ်တွေမှာ သွားလုပ်ပြီး ထမင်းစားရဖို့၊ တခြားဝင်ငွေရဖို့ လုပ်ကြရပါတယ်။ အခုတော့ ကိုယ့်ပစ္စည်းကိရိယာတွေ ကိုယ်တိုင်ယူလာရပြီး လမ်းဖောက်ဖို့ ခိုင်းပါတယ်။ ကိုယ့်ထမင်းကိုယ်စားပြီး လမ်းဖောက်လုပ်ရေးအတွက် အချိန်ကုန်နေရတယ်။ အခုတော့ ကျနော်တို့အလုပ်ရှင်ဆီက ယူစားနေရတာနဲ့ အကြွေးတင်နေပြီ။"* (အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့်ပတ်သက်၍ (PYNG)၏ သုတေသနပြုထားမှု၊ ၂၀၀၇ ခုနှစ်)

များအတွက် တိုင်များ၊ လမ်းကြောင်းများအတွက် လမ်းများကို ရှင်းလင်းပြီး၊ ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းများ၊ အသစ်တည်ဆောက်မှုများ ပြုလုပ်နေပါသည်။ ဤသို့ တည်ဆောက်ရာတွင် အဓမ္မလုပ်အားခိုင်းစေမှုများလည်းရှိနေပြီး၊ ဤလုပ်ငန်းများအတွင်း၌ လယ်ယာ များလည်း ပျက်စီးကြရပါသည်။ ပလောင်လူငယ် လုပ်ငန်းကွန်ရက်အဖွဲ့(PYNG) က အသေးစိတ်အချက်အလက်များကို စုဆောင်းရရှိခဲ့ပြီး အောက်တွင် ဖော်ပြထားပါသည်။

(၂၀၀၆) ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ ဗိုလ်မှူးကြီး တင်းမောင်ဝင်း ဦးစီးသော မန်တုံအခြေစိုက် (ခမရ) ၁၃၀ က ပလောင်ကျေးရွာ (၃၀)ကို အဓမ္မလုပ်အားပေးစေခိုင်းခဲ့ပါသည်။ အကြောင်းမှာ မန်တုံမှ နမ့်ခမ်းသို့ လမ်းကြောင်း ပြန်လည်ဖောက်လုပ်ရေးအတွက် ဖြစ် ပြီး ဤလမ်းအတိုင်း လျှပ်စစ်ဓါတ်အားလိုင်းဖြတ်သွားမည်ဖြစ်သည်။ ဤလမ်းကြောင်းပေါ်ကျရောက်သော ကျေးရွာများရှိ ရွာလူကြီးအားလုံးကို ဆင့်ခေါ်ပြီး တအိမ်လျှင် လူတယောက် လမ်းဖောက်လုပ်ရေးအတွက် တလတာ လုပ်အားပေးရန် တောင်းဆိုခဲ့ပါသည်။ ပလောင်ရွာသူရွာသား ၃၀၀ ကျော် လမ်းဖောက်လုပ်ရေး၌ အဓမ္မလုပ်အားပေး စေခိုင်းခြင်းခံခဲ့ရပါသည်။ စက်ယန္တ ယားကြီးများဖြင့် ကူညီပေးခြင်း မရှိခဲ့သလို၊ မိမိကိုယ်ပိုင် ပစ္စည်းကရိယာများကိုပင် ယူဆောင်လာ၍ လုပ်အားပေးခဲ့ကြရပါသည်။

(၂၀၀၇) ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးအခြေစိုက် တိုင်းစစ်ဌာနချုပ်တိုင်းမှူးက မန်တုံအခြေစိုက် (ခမရ) ၁၃၀ ကို အမိန့်ပေးညွှန်ကြားခဲ့သည်မှာ လားရှိုးသို့လာ၍ လျှပ်စစ်ကြိုးကြီးများနှင့်တိုင်များ၊ ဆောက်လုပ်ရေးအတွက် ပစ္စည်းများ သယ်ဆောင်ရန် ပလောင်လူမျိုးနှင့် ဗမာလူမျိုးများ ပိုင်ဆိုင်သည့် ကုန်တင်ကား ၁၅စီကို ဆင့်ခေါ်ပြီး ချောဆွဲခိုင်းစေခဲ့ပါသည်။ ၎င်းကုန်တင်ကား ၁၅စီမှာလဲ မိမိဓါတ်ဆီနှင့် လားရှိုးသို့ အကုန်ကျခံ၍ သယ်ဆောင်ခဲ့ကြရသည့်အပြင် ကုန်တင်ခများမရှိခဲ့ပါ။ ၎င်းတို့အနက်မှ ကားသမားတဦးက ပြောပြသည်မှာ...

*“ကျနော်တို့ ဒီကို မလာခင်မှာပဲ၊ (ခမရ) ၃၂၄ စစ်သားတွေက သူတို့တပ်စခန်းအတွက် ထင်းသယ်ဖို့ နှစ်ရက်ကားချောဆွဲသုံးတာ ခံလိုက်ရသေးတယ်။ ဘာမှ ပြန်ပေးတာ မရှိဘူး။ ကျနော်တို့ အလုပ် ၅ ရက်ပျက်ကြရပြီး ကိုယ့်ဓါတ်ဆီနဲ့ကိုယ် သွားလုပ်ပေးကြရတယ်။ ဘာမှမရတဲ့အပြင်စစ်သားတွေကခြိမ်းခြောက်တာလည်းခံကြရသေးတယ်။ ဒါတင်မကသေးဘူး။ လားရှိုးကနေနမ့်တူသွားရတဲ့ လမ်းကလည်း မိုးတွင်းမှာ အထူးအန္တ ရာယ်များလွန်းလှတယ်။ ကိုယ့်အသက်ကိုပါ စိုးရိမ်နေကြရတယ်။”*

(အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် ပတ်သက်၍ (PYNG)၏ သုတေသနပြုထားမှု၊ ၂၀၀၇ ခုနှစ်)

ကျေးရွာအစည်းအဝေးများ၌ ရွာသားများက အမိန့်နာခံ ကြရသည်။

**ပို၍ကြီးမားသော အခြားစီမံကိန်းများနှင့် ရွှေလီစီမံကိန်း၏ ထူးခြားချက်များ**

ကံဆိုးသောအချက်မှာ ရွှေလီဆည်သည် သီးသန့်ထူးခြားသော ကိစ္စမဟုတ်သကဲ့သို့၊ မြန်မာနိုင်ငံရှိ စစ်အစိုးရက နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ နောက်ဆုံးအနေဖြင့် တည်ဆောက်မည့် ဆည်လည်း မဟုတ်ပါ။ အကြောင်းမှာ ရွှေလီ အမှတ်(၂)နှင့် အမှတ်(၃) ရေအားလျှပ်စစ် စီမံကိန်းများအပြင် မြန်မာနိုင်ငံတဝှမ်း၌ နောက်ထပ် အကြီးစားရေအားလျှပ်စစ် စီမံကိန်း (၃၀) ကျော်ကိုလည်း အိမ်နီးချင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ဆက်လက်တည်ဆောက်ရန်လည်း လျာထားချက်ရှိနေပါသည်။ တောင်ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (South Korean International Cooperation Agency--KOICA)ကလည်း မြန်မာနိုင်ငံ၏ လျှပ်စစ်ကောင်းကင်ကြိုးလိုင်းစနစ်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိနေပါသည်။ နိုင်ငံအတွင်းမှ ထွက်ရှိနိုင်သော ရေအားလျှပ်စစ်များကို ထုတ်ယူအသုံးချရေးမှာ စစ်အစိုးရ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးအတွက် အထူးဆွဲဆောင်စည်းရုံးမှုများအနက်မှ တစ်ခုဖြစ်သကဲ့သို့ ၎င်းအတွက် ဘဏ္ဍာငွေ တိုးတက်ရရှိစေမည့် နည်းလမ်းလည်းဖြစ်ပါသည်။ အချို့သော ဝေဖန်သူများက ဆိုကြသည်မှာ ဤစီမံကိန်းများသည် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများအတွင်းသို့ ပိုမိုထိုးဖောက်နေရာယူနိုင်ရေးအတွက် စီမံကိန်းချလုပ်ဆောင်နေခြင်းဖြစ်ပြီး ဤဒေသများအတွင်း စစ်တပ်၏ ထိန်းချုပ်မှု ချဲ့ထွင်ရန်ဖြစ်သည်ဟုလည်း ဆိုနေကြပါသည်။

မြန်မာနိုင်ငံရှိ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှ စာရွက်စာတမ်း အထောက်အထားများအရ ရွှေလီ အမှတ်(၁) ရေအားလျှပ်စစ် စီမံကိန်းမှ ထွက်ရှိလာသော လျှပ်စစ်ဓါတ်အားကို စစ်တပ်ပိုင် စက်ရုံများနှင့် သတ္တုတွင်းများအတွက် အသုံးပြုမည်ဖြစ်ပါသည်။ ဤ စီမံကိန်းများမှတဆင့် စစ်တပ်အတွက် ဘဏ္ဍာငွေတိုးစေပြီး၊ ၎င်းတို့၏ လက်နက်တိုက်အတွင်း လက်နက်များ ပိုမိုဖြည့်သွင်းနိုင်ရန် နှင့် ပိုမိုဝယ်ယူစုဆောင်းနိုင်ရန်  ထောက်အကူဖြစ်စေပါသည်။

အမှန်တကယ် အဓိပ္ပါယ်ရှိသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိခိုက်နစ်နာရမည့် ဒေသခံပြည်သူ

မြန်မာ လျှပ်စစ်စွမ်းအားဝန်ကြီးကို တရုတ်များက ကြိုဆို နေကြစဉ်

များနှင့် ပူးပေါင်းဆောင်ရွက်ကြရမည့်အစား၊ ၎င်း၏ ကိုယ်ကျိုးစီးပွားအတွက်သာ ဖြစ်စေမည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို စစ်အစိုးရက ချမှတ် လုပ်ဆောင်နေလျှက် ရှိပါသည်။ မိမိ၏နိုင်ငံသားများ ထိခိုက်နစ်နာစေပြီးမှ ရရှိမည့် အကျိုးအမြတ်များနှင့်သာ ပျော်ပိုက်နေကြပါသည်။ ဤစီမံကိန်းများ မတည်ဆောက်မီက မန်တပ်ကျေးရွာနေပြည်သူများအား ကြိုတင်အသိပေးခြင်း မရှိခဲ့ပါ။ ၎င်းကျေးရွာနေပြည်သူအများမှာ စစ်တပ်အား ကြောက်ရွံ့နေကြရသောကြောင့် မိမိတို့၏ စိုးရိမ်ပူပန်ချက်များကိုလဲ ထုတ်ဖော်ပြောဆိုရန် အခွင့်အရေးများလဲ မရရှိကြပါ။ နိုင်ငံတဝှမ်းတွင် ဤသို့သော ဖွံ့ဖြိုးရေးစီမံကိန်းများ ဖြစ်ပွားနေသည်ကို စစ်အစိုးရအား ဤသို့ လုပ်ဆောင်နိုင်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက ပံ့ပိုးပေးနေကြပါသည်။

တရုတ်နိုင်ငံအတွက်မူ အရှေ့ဘက် ကမ်းရိုးတန်းဒေသများတွင် ဖွံ့ဖြိုးတိုးတက်လာနေသော မြို့ကြီးများအတွက် လျှပ်စစ်ဓါတ်အားနှင့် စွမ်းအင်များပိုမိုလိုအပ်လာပါသည်။ သို့အတွက်ကြောင့် တရုတ်နိုင်ငံ၏ ဗဟိုအစိုးရအနေဖြင့် အနောက်မှ အရှေ့သို့ လျှပ်စစ် စွမ်းအင် ပို့လွှတ်ပေးရေးမူဝါဒကို ချမှတ်ကျင့်သုံးလာခဲ့ရပါသည်။ တရုတ်နိုင်ငံသည် အနောက်ဘက်ဒေသများဖြစ်သော အိမ်နီးချင်း မြန်မာနိုင်ငံနှင့်လည်း ဆည်များ၊ ရေအားလျှပ်စစ် စက်ရုံများ တည်ဆောက်နေခြင်းမှာ ၎င်းတို့၏ မူဝါဒပင်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဆည်များ တည်ဆောက်နေခြင်းမှာ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံရပ်ခြားဈေးကွက်တံခါးများ ပွင့်လာစေရန်ဖြစ်ပြီး၊ ဒေသအတွင်းသို့ စွမ်းအင်ရောင်းချနိုင်ရေးအတွက် တရုတ်နိုင်ငံ၏ မဟာဓါတ်အား လိုင်းကောင်းကင်ကြိုးကွန်ရက်ကို ကြီးထွားလာစေရန်လည်း ဖြစ်ပါသည်။ ဤသို့ ဆည်တည်ဆောက်ရေး စီမံကိန်းများသည် တရုတ်နိုင်ငံ၏ "ပြင်ပသို့တိုးချဲ့ရေးမူဝါဒ" **(Going out policy)**အတွက်လည်း အထောက်အကူပြုနေပါသည်။ ရွှေလီရေအားလျှပ်စစ် စီမံကိန်းများတွင် ပါဝင်ပတ်သက်နေသော တရုတ်နိုင်ငံတောင်ပိုင်း လျှပ်စစ်ဓါတ်အားကွန်ရက်ကုမ္ပဏီ**(China Southern Power Grid Co.)**သည် ဤမူဝါဒ (၂) ခုလုံးအတွက် လက်ရဲဇက်ရဲ ကြိုးပမ်းအကောင် အထည်ဖော်ပေးနေသော ကုမ္ပဏီတခုလည်းဖြစ်ပါသည်။ ဥပမာအားဖြင့် ဤကုမ္ပဏီသည် မကြာသေးမီကာလများတွင် တရုတ်နိုင်ငံမှ ဗီယက်နမ် နိုင်ငံသို့ လျှပ်စစ်စွမ်းအင်တင်ပို့နိုင်ရေးအတွက် သဘောတူ စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပါသည်။ ဤသို့ချုပ်ဆိုခဲ့သော သဘောတူညီချက်များသည် တရုတ်နိုင်ငံအတွက် ဘဏ္ဍာရေးအရသော်လည်းကောင်း နိုင်ငံရေးအရသော်လည်းကောင်း အရေးပါလှပါသည်။ ထိုလုပ်ငန်းများမှတဆင့် တရုတ်စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ပွင့်လန်းလာ စေသည့်အပြင် ဒေသဆိုင်ရာ နိုင်ငံများအတွင်း၌လည်း တရုတ်နိုင်ငံ၏ ဩဇာအရှိန်အဝါ ကြီးထွားလာရန် အထောက်အကူ ဖြစ်စေပါသည်။

ရွှေလီအမှတ်(၁) ရေအားလျှပ်စစ်စီမံကိန်းသည် တရုတ်နိုင်ငံ၏ "ပြင်ပသို့တိုးချဲ့ရေးမူဝါဒ" **(Going out policy)**အတွက် အရေးပါသောပစ်မှတ်တခုဖြစ်ပြီး၊ မြန်မာနိုင်ငံသည်လဲ ထိုပစ်မှတ်ထဲသို့ထည့်သွင်းရာတွင်အောင်မြင်မှုတခုဟုယူဆနိုင်ပါသည်။ ဤစီမံကိန်းသည် မြန်မာနိုင်ငံအတွင်းတရုတ်နိုင်ငံ၏ ပထမဦးဆုံးဆောင်ရွက်သည့် တည်ဆောက်–လုပ်ကိုင်–လွှဲပြောင်း**(BOT)**အစီအစဉ်ဖြစ်သလို၊ လျှပ်စစ်စွမ်းအင်နှင့် စက်ယန္တ ယားပစ္စည်းများကို တင်ပို့ရာတွင်လည်း တရုတ်နိုင်ငံအတွက် ဈေးကွက်ပိုမိုရရှိစေပါသည်။ ထိုမျှသာမက မဲခေါင်ရပ်ဝှမ်းဒေသတလွှားရှိ လျှပ်စစ်စွမ်းအင် ကွန်ရက်များပေါင်းစည်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်နိုင်တော့မည်ဖြစ်ပါသည်။ ထို့အတူ ၂၀၀၇ ခုနှစ် မေလတွင်၊ စက်မှုလုပ်ငန်းများအပေါ် လေ့လာ အစီရင်ခံနေသည့် စာစောင်တခု၏ အဆိုအရ ဤရွှေလီစီမံကိန်းသည် "တရုတ် နိုင်ငံ တောင်ပိုင်း လျှပ်စစ်ဓါတ်အားကွန်ရက် ကုမ္ပဏီ **(China Southern Power Grid Co.)**၏ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ စွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပထမခြေလှမ်းသစ်တခု တက်လှမ်းနိုင်ရန် သင်္ကေတ အချက်ပြလိုက်ခြင်းပင်ဖြစ်သည်"[၉] ဟု ဖော်ပြထားခဲ့ပါသည်။

တရုတ်နိုင်ငံသည် ရွှေလီရေအားလျှပ်စစ် စီမံကိန်းမှ အကျိုးအမြတ်ကို နည်းလမ်း ၂ သွယ်ဖြင့် ရရှိနေပါသည်။ ပထမအချက်အနေနှင့် တရုတ်နိုင်ငံရှိ ကုမ္ပဏီများက စီမံကိန်းနှင့် ပတ်သက်၍ စက်ပစ္စည်းများနှင့် ကျွမ်းကျင်မှုနည်းပညာများ ရောင်းချရခြင်းကြောင့် အကျိုးအမြတ်ရှိစေပြီး၊ ဒုတိယအချက်၌လည်း တရုတ်နိုင်ငံရှိ သုံးစွဲသူများအနေဖြင့် လူမှုရေးအရသော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အရသော်လည်းကောင်း ထိခိုက်နစ်နာဆုံးရှုံးရမှု ဆိုးကျိုးများအား များများစားစား ပေးဆပ်ရခြင်း မရှိဘဲ တရုတ်နိုင်ငံ၏ ကောင်းကင်ကြိုးလိုင်းစနစ်မှနေ၍ လျှပ်စစ်ကို အသုံးပြုနိုင်မည်ဖြစ်ပြီး  ထိုဆိုးကျိုးများကို မြန်မာနိုင်ငံရှိ ပြည်သူများကသာ ခံစားကြရမည်ဖြစ်ပါသည်။ ဤတည်ဆောက်–လုပ်ကိုင်–လွှဲပြောင်း (BOT) အစီအစဉ်အရ ထိုရေအား လျှပ်စစ်စီမံချက်မှ ရရှိလာမည့် ဘဏ္ဍာငွေ (၈၀) ရာခိုင်နှုန်းကို မည်သည့်နေရာသို့ စွမ်းအင်ပေးပို့သည်ဖြစ်စေ၊ တရုတ်နိုင်ငံရှိ ကုမ္ပဏီကသာလျှင် အကျိုးအမြတ်ရရှိမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ် ရင်းနှီးမြှုပ်နှံလာမှုကဏ္ဍတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေးနှင့် နိုင်ငံရေးအရ ပိုမိုနီးကပ်စွာ ဆက်ဆံလာနိုင်သည့် အကြောင်းအချက်ပြယုဂ်တခုပင်ဖြစ်သည်။ မကြာသေးမီက စွမ်းအင်မဂ္ဂဇင်းတခု၌ ဖော်ပြခဲ့ရာတွင် မြန်မာနိုင်ငံ၏ ဆိုးရွားသောလူ့အခွင့်အရေးမှတ်တမ်းများကြောင့် “အနောက်နိုင်ငံများ က ဖယ်ကျဉ်နေကြချိန်တွင် တရုတ်အစိုးရက မြန်မာနိုင်ငံအတွင်းသို့ ရင်နှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေကြေးများ လောင်းထည့်လျှက်ရှိနေသည်”[၁၀] ဟုဖော်ပြရေးသားခဲ့ပါသည်။

## နိဂုံးနှင့် အကြံပြုချက်များ

ဒေသခံပြည်သူများ၏ လက်ဖက်ခြံများ၊ လယ်ယာမြေများ၊ သစ်တောထွက် ပစ္စည်းများနှင့်အိမ်မွေးတိရစ္ဆာန်များကို စစ်တပ်က အဓမ္မသိမ်း ဆည်းခြင်း ခံခဲ့ကြရပါသည်။ ယခုအချိန်တွင် သစ်တောထွက်ပစ္စည်းများ ရှာဖွေရရှိနိုင်ရန်အတွက် ယခင်ကာလများကဲ့သို့ မလွယ်ကူတော့သလို လယ်ယာမြေများကိုလည်း အဓမ္မသိမ်းပိုက်ခဲ့ကြသောကြောင့် လူအများမှာ အလုပ်လက်မဲ့ ဖြစ်နေကြရပါသည်။ ယခင်က ကျေးရွာနေပြည်သူများမှာ မိမိလယ်ယာမြေမှထွက်ရှိသော ပိုလျှံသည့် သီးနှံများကို မြို့တွင်ရောင်းချ၍ ဝင်ငွေရရှိနိုင်ကြသော်လည်း၊ ယခုအခါတွင် ကျေးရွာနေ ပြည်သူများသည် ဆန်စပါးများကို ဈေးကြီးပေး၍ ပြန်ဝယ်စားနေကြရပါသည်။

ဒေသခံ ပြည်သူများအနေဖြင့် သူတို့၏ပိုင်ဆိုင်မှုများကို ကာကွယ်ရန် မဖြစ်နိုင်သလို၊ စီမံကိန်းများ ဆုံးဖြတ်ချက်ချ မှတ်ရာ နေရာများ၌လည်း ပါဝင်ဆောင်ရွက်ခွင့် မရရှိကြသည့်အပြင် သူတို့၏ ကျေးရွာနှင့် လူနေမှုအသိုင်းအဝိုင်း၌ဖြစ်ပျက်နေသော ကိစ္စများအပေါ်တွင်လည်း ဆုံးဖြတ်နိုင်ရန်အတွက် အခွင့်အရေးမရရှိကြပါ။ အကြောင်းမှာ စစ်တပ်က ဒေသခံရွာသားများကို ထိန်းချုပ်ထားသည့်အပြင် စစ်သားများကလည်း သူတို့လိုအပ်သမျှကို ခွင့်မတောင်းဘဲ ရယူနေကြပါသည်။

ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စီမံကိန်းမှာ တည်ဆောက်ပြီးစီးသလောက် ရှိနေပြီဖြစ်ပြီ ဖြစ်သောလည်း  မန်တပ်ကျေးရွာရှိ ပြည်သူလူထုများအနေဖြင့် ဤစီမံကိန်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ၌ ပါဝင်ဆောင်ရွက်ခွင့်မရှိသည့်အပြင် လက်ခံနိုင်ဖွယ်မရှိသော ဆိုးကျိုးများကိုသာ ရေ့ဆက်ခံစားကြရမည်ဖြစ်ပါသည်။ ထိုသို့ ဖြစ်ပွားခဲ့ပြီးသော အခြေအနေများကို ထောက်ထား၍ ပလောင် (တအာင်း) လူငယ်လုပ်ငန်းကွန်ရက်အဖွဲ့ (PYNG)က သက်ဆိုင်နေကြသူများ အားလုံးကို ဆက်လက်ဆောင်ရွက်မည့် ရွှေလီအမှတ် (၂) နှင့် (၃) ဆည်တည်ဆောက်ရေး စီမံကိန်းများအား ရပ်ဆိုင်းပေးပါရန် တောင်းဆိုလိုက်ပါသည်။

အဘယ်ကြောင့်ဆိုသော မန်တပ်ကျေးရွာရှိ ပြည်သူများ ခံစားခဲ့ကြရသလို မြစ်အောက်ပိုင်း ဒေသနေ ပြည်သူလူထုအား ၎င်းဘေးဒုက္ခများမှ ကင်းဝေးစေလို၍ ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ရွှေလီ အမှတ် (၂) နှင့် (၃) စီမံကိန်းနေရာများအတွက် စက်ယန္တရားများ သယ်ယူပို့ဆောင်ပေးမည့် ကားလမ်းများကို ယခုအချိန်တွင် လူထုအင်အားဖြင့် အဓမ္မလုပ်အားပေး ခိုင်းစေကာ ဖောက်လုပ်နေကြ သည်။

အထူးသဖြင့် မြန်မာစစ်အစိုးရသည် နိုင်ငံတဝှမ်းလုံးတွင် ဆည်အများအပြားတည်ဆောက်ရန် အစီအစဉ် ရေးဆွဲနေသော အချိန်၌၊ ရွှေလီ အမှတ်(၁) ရေအားလျှပ်စစ် စီမံကိန်းများမှ သင်ခန်းစာယူစရာ အချက် အလက် အများအပြားလည်းရှိနေပါသည်။ အကြောင်းမှာ ဤစီမံကိန်းများတွင် ငွေကြေးရင်းနှီးမြှုပ်နှံကြ သူများအနေဖြင့်လည်း မြန်မာနိုင်ငံ၌ ၎င်းကဲ့သို့သော စီမံချက်များအား မည်သို့မည်ပုံ အကောင်အထည် ဖော်ကြရမည်ကို အထူးသတိပြုသင့်သည့်အပြင် ၎င်းတို့ကုမ္ပဏီများ၏ နာမည်ပျက်ရခြင်း၊ ဂုဏ်သိက္ခာ ကျဆင်းရခြင်း မရှိ စေရအောင်လည်း ဆောင်ရွက်သင့်ပါသည်။ သို့အတွက်ကြောင့် တရုတ်အစိုးရထံ မိမိတို့ တောင်းဆိုလိုသည်မှာ တရုတ်ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံရှိ ဥပဒေများနှင့်အညီ၊ သဘာဝ ပတ်ဝန်းကျင် အကဲဖြတ်မှု စံချိန်စံနှုန်းများအတိုင်း၊ လူအများ ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့် ရှိစေရန် တိုက်တွန်းလိုပါသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးဆောင်ရွက်လုပ်ကိုင်နေကြသော အချိန်၌ နစ်နာနေရသူ များအတွက် သင့်လျော်သော လျော်ကြေးများကိုလည်း စီစဉ် ဆောင်ရွက်ပေးသင့်ပါသည်။

ကမ္ဘာတဝှမ်းရှိ ဆည်ကြီးများ တည်ဆောက်သည့်နေရာများအား လေ့လာသော ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင် **(World Commission on Dams)**က အလားတူ စီမံကိန်းကြီးများ ဆောင်ရွက်ရာတွင် လိုက်နာစောင့်ထိန်းရမည့် စံသတ်မှတ်ချက်များကို အကြံပြုဖော်ပြထားခဲ့ပါသည်။ (နောက်ဆက်တွဲကို ကြည့်ပါ။) မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု မရှိသည့်အပြင်၊ စစ်အစိုးရကလည်း ပြည်သူများအပေါ် တင်းကျပ်စွာ ချုပ်ကိုင်ထားမှုများကို မလျှော့သောကြောင့် ဤစံသတ်မှတ်ချက်များအတိုင်း အကောင်အ ထည်ဖော်ရန်မှာ ဖြစ်နိုင်ခြေ မရှိပါ။ သို့အတွက်ကြောင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေကြသော နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီများထံသို့ မိမိတို့အနေဖြင့် သတိပေးလိုသည်မှာ နိုင်ငံတဝှမ်းတွင် စစ်အ စိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေကြသော ဆည်ကြီးများ တည်ဆောက်မှုကြောင့် မြန်မာ ပြည်သူများ၏ ခံစားနေကြရသည့် ဒုက္ခအထွေထွေကို လေ့လာသုံးသပ်ပြီး၊ ထိုဆည်များကြောင့် ဆိုးကျိုး ဒုက္ခခံစားနေရသည့် ပြည်သူများ၏ အခွင့်အရေးများ တိုးတက်စေရေးအတွက် အမှန်တကယ်ဆောင် ရွက်နေကြသည့် လူထုအခြေပြုအဖွဲ့များ၊ ကြိုးပမ်းဆောင်ရွက်ချက်များကို ထောက်ပံ့ကူညီကြပါရန် တိုက် တွန်းလိုပါသည်။

ဆည်တည်ဆောက်ရေး စီမံချက်ကြောင့် အနီး ပတ်ဝန်းကျင်ဒေသများရှိ အခြေခံအဆောက်အဦး တည် ဆောက်ရေး လုပ်ငန်းများတွင် အဓမ္မလုပ်အားခိုင်းစေနေကြပြီး၊ ဆည်တည်ဆောက်ရေး စီမံချက်များတွင် လည်း မြေများအဓမ္မသိမ်းဆီးမှု ရှိနေကြပါသည်။ စစ်အစိုးရအနေဖြင့် **(ILO)**၏ သဘောတူညီချက် စာချုပ် များကို ချိုးဖောက်နေသည့်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် **(ILO)**က မြန်မာစစ် အစိုးရအပေါ် ပိုမို၍ ဖိအားပေးမှုများ ပြုလုပ်ပေးပါရန် မိမိတို့အဖွဲ့အနေဖြင့် တောင်းဆိုလိုပါသည်။

ပလောင် (တအာင်း) လူငယ်လုပ်ငန်းကွန်ရက်အဖွဲ့ **(PYNG)**၏ အမြင်တွင် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပြည်သူတို့၏ စားနပ်ရိက္ခာများ၊ ကျန်းမာရေးနှင့် ပညာရေး အဆင့်အတန်းများ သဘာဝပတ်ဝန်းကျင်နှင့်

ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးလာစေရန်နှင့် မိမိတို့၏ လူမှုအဖွဲ့အစည်းများသာမက မိသားစုများ၏ လုံခြုံမှုများလည်း ပိုမိုတိုးတက်လာစေရန်လိုအပ်ပါသည်။ ဤသို့ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် အတွက်လည်း ပြည်သူလူထုများ၏ အသိရှိမှု၊ ဦးဆောင်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပလောင် (တအာင်း) လူငယ်လုပ်ငန်းကွန်ရက်အဖွဲ့ **(PYNG)**အနေဖြင့် ပလောင်မိဘ ပြည်သူများထံ တောင်းဆိုလို သည်မှာ ဖွံ့ဖြိုးရေးစီမံချက်အကြီးစားများ၏ ထိခိုက်နစ်နာရမှုများကို လေ့လာပြီး မိမိတို့လူမှုဝန်းကျင်အား မိမိတို့ကိုယ်တိုင် ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ကြပါရန်၊ မိမိတို့ကို ဘေးအန္တရာယ် မကြုံရစေရန်နှင့် အကျိုးကျေးဇူး ပွားများစေမည့် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုမျိုးရရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက် ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

## နောက်ဆက်တွဲ (၁)

## ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင် (World Commision on Dams) ၏ အကြံပြုချက်များ

မန်တပ်ကျေးရွာမှ ပြည်သူများသည် ရွှေလီ အမှတ်(၁) ရေအားလျှပ်စစ် စီမံကိန်းနှင့် ပတ်သက်၍ အသိပေးခဲ့ခြင်းမရှိပါ။ သေချာသည်မှာ စီမံကိန်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်ရာ ကဏ္ဍများ၌ လုံးဝပါဝင်ဆောင်ရွက်ခွင့် မရခဲ့ခြင်း ဖြစ်ပါ သည်။




(၁၉၉၈) ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့ သဘာဝဝန်းကျင် ထိန်းသိမ်းရေး သမဂ္ဂ(World Conservation Union)တို့က ရောမဆည်ကြီးများ၏ ထိရောက်မှုကို စီစစ်ကြည့်ရန်နှင့် ဆည်ကြီးများဆောက်လုပ်ရေးနှင့် ပတ်သက်၍ စံထားချက်များ ချမှတ်နိုင်ရန် ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်(World Commision on Dams-WCD)ကို ဖွဲ့စည်းထားခဲ့ပါသည်။ ဤကော်မရှင်က(၂) နှစ်ကျော်ကြာ လေ့လာခဲ့ပြီးနောက်တွေ့ရှိခဲ့ရသည်မှာ "နေရာအတော်များများ၌ ဆည်ကြီးများ တည်ဆောက်ခြင်းကြောင့်ရလာမည့် အကျိုးအမြတ်များအတွက်၊ လက်ခံနိုင်ဖွယ်ရာမရှိသော၊ ရံဖန်ရံခါမလိုလားအပ်သော ထိခိုက်နစ်နာမှုတန်ဘိုးများပေးခဲ့ကြရသည်"ဟု ဖော်ပြခဲ့ပါသည်။ ၎င်းသို့အတွက်ကြောင့် ကော်မရှင်က ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကျင့်သုံးရန်အတွက် အခြေခံပုံစံ တခုကိုအကြံပြုတင်ပြထားခဲ့ပါသည်။ ရေနှင့်ပတ်သက်သော၊ စွမ်းအင်ထုတ်လုပ်ရေးနှင့် ပတ်သက်သော စီမံချက်များတွင် အကျိုးစီးပွားအရ သက်ဆိုင်နေကြသူအားလုံး၏ အခွင့်အရေးများကို အသိအမှတ်ပြုရန်လိုအပ်ပြီး၊ ကျရောက်ရမည့် ဆိုးကျိုးအန္တရာယ်များတွက်ချက်ရာတွင် ဆုံးဖြတ်ချက်ပါ ဝင်ချမှတ်ခွင့်ရှိသည်ဟုဆိုပါသည်။ ဆိုးကျိုးဒုက္ခများခံစားရမည့်ပြည်သူများအနေဖြင့် စီမံချက်ပြင်ဆင်ရာနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ခွင့် ရှိရမည်ဖြစ်ပြီး၊ ရရှိလာသောအကျိုးအမြတ်များကိုလည်း ခွဲဝေခံစားခွင့်ရှိရမည်ဖြစ်သည်။

ကမ္ဘာ့ဆည်များဆိုင်ရာကော်မရှင်က အကြံပြုထားသည့် အဓိကအချက်များတွင် အောက်ပါတို့ပါဝင်ပါသည်။

- ဆည်တခုတည်ဆောက်ရာတွင် ဆိုးကျိုးသက်ရောက်ခံစားရမည့်သူများက "လက်ခံနိုင်ဖွယ်ဖော်ပြကြသောအခြေအနေ" မရှိဘဲ မတည်ဆောက်သင့်ပါ။ ဆိုးကျိုးသက်ရောက်ခံစားရမည့် ဌာနေဒေသခံများနှင့် တိုင်းရင်းသားလူနည်းစုများက သတင်းအချက်အလက်များကို သိရှိ၍ဆုံးဖြတ်သော သဘောတူညီချက်ကို လွတ်လပ်စွာ၊ ကြိုတင်မရရှိဘဲနှင့် ဆည်မတည်ဆောက်သင့်ပါ။
- ဆည်တခုတည်ဆောက်ရန်အတွက် ဆုံးဖြတ်ချက် မချမှတ်မီတွင် ရေ၊ အစားအစာနှင့် လောင်စာမည်မျှလိုအပ်မည်ကို သေချာစွာသုံးသပ်လေ့လာထားရန်လိုအပ်ပါသည်။ ဤသို့လေ့လာရာတွင် ဘက်စုံထောင့်စုံမှ လေ့လာရန်လိုပြီး၊ ဤလုပ်ငန်းစဉ်များတွင် အများပါဝင်ဆောင်ရွက်ခွင့်လည်း ရှိရမည်။ အခြားဖြစ်နိုင်ဖွယ်ရှိသော ရွေးချယ်စရာလမ်းများ ကိုလည်း စီမံကိန်းများ မစတင်မီကပင် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။
- ပထမဦးစားပေး စဉ်းစားဆုံးဖြတ်သင့်သောအချက်မှာ လက်ရှိတည်ရှိနေဆဲ စွမ်းအင်ထုတ်လုပ်အသုံးချနေသည့်စနစ် များကို ထိရောက်စွာအသုံးချနိုင်ရန်အတွက် မည်သို့တိုးတက်အောင်ဆောင်ရွက်နိုင်မည်ကို၊ စီမံကိန်းအသစ်များ မတည်ဆောက်မီကပင် စဉ်းစားရန် လိုအပ်ပါသည်။
- တည်ရှိနေဆဲဆည်များကြောင့် ဆိုးကျိုးခံစားခဲ့ရသူ လူထုများအတွက် ပြန်လည်၍ နစ်နာကြေးပေးခြင်း၊ သို့မဟုတ် နောက်ပိုင်းတွင် ပြန်လည်လျော်ကြေးပေးခြင်း၊ စသည့် စနစ်များကို ဖွံ့ဖြိုးစေသင့်ပါသည်။ ပျက်စီးသွားသော ဂေဟစနစ်များကိုလည်း ပြန်လည်ဖြည့်ဆီးတည်ဆောက်ပေးရမည်ဖြစ်ပါသည်။

ဇယား။ စီမံကိန်းတွင် အကျိုးစီးပွားအရ ပါဝင်ပတ်သက်နေကြသူများ



**အကျိုးစီးပွားအရ ပါဝင်ပတ်သက်နေကြသူများ**
**နောက်ဆက်တွဲ [၂]**

ရွှေလီမြစ်သည် ရေအားလျှပ်စစ်ထုတ်ယူရန်အတွက် ကာလကြာရှည်စွာကပင် စဉ်းစားခဲ့ကြပါသည်။ နိုင်ငံခြားကုမ္ပဏီများက ရေအားလျှပ်စစ်ဌာနမှ အင်ဂျင်နီယာများနှင့်အတူ ၁၉၅၅ ခုနှစ်မှ စတင်၍ ဖြစ်နိုင်ရှိသော စမ်းသပ်စစ်ဆေးမှုများနှင့် တိုင်းထွာမှုများ အကြိမ်ကြိမ် ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ စမ်းသပ်စစ်ဆေးမှုများကို အောက်ပါကုမ္ပဏီများက ဆောင်ရွက်ခဲ့ကြပါသည်။

- ယူဂိုဆလားဗီးယားနိုင်ငံမှ အင်ဂရာ လျှပ်စစ်စီမံကိန်း (Ingra Electro Project of Yougoslavia) (၁၉၅၅)
- တရုတ်နိုင်ငံမှ ကူမင်းရေအားလျှပ်စစ် စုံစမ်းလေ့လာရေး၊ ဒီဇိုင်းဖော်ထုတ်ရေးနှင့် သုတေသန သိပ္ပံ (Kunming Hydroelectric Investigation Design and Research Institute--KHIDI) (၁၉၉၄)
- တရုတ်နိုင်ငံမှ (KHIDI) (၁၉၉၆)
- တောင်ကိုရီးယားနိုင်ငံ ဒေဝူးမှ (Daewoo) ကုမ္ပဏီ (၁၉၉၈)
- ဂျပန်နိုင်ငံမှ တိုကျိုလျှပ်စစ်စွမ်းအင် ကုမ္ပဏီ (Tokyo Electric Power Company--TEPCO) (၂၀၀၀)
- တရုတ်နိုင်ငံမှ ယူနန် စက်ယန္တယားပစ္စည်းများ သွင်းကုန်–ထုတ်ကုန် ကုမ္ပဏီ လီမိတက် (Yunnan Machinery Equipment Import and Export Compnay Limited) (၁၉၉၉ မှ ၂၀၀၀ ခုနှစ်။

**ရွှေလီမြစ် အမှတ် [၁] လျှပ်စစ်ဓါတ်အားပေးစက်ရုံ ကုမ္ပဏီ လီမိတက် (Shweli (Ruili) River I Power Station Company Limited.)**

ယူနန်ဖက်စပ် လျှပ်စစ်ထုတ်လုပ်ရေး ကုမ္ပဏီ (Yunnan Joint Power Development Company) နှင့် မြန်မာနိုင်ငံ၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနတို့က ဖက်စပ်၍ တည်ထောင်ထားသော ကုမ္ပဏီတခု ဖြစ်သည်။ (အောက်တွင်ကြည့်ပါ။) ဤဖက်စပ်ကုမ္ပဏီသည် ဤစီမံကိန်း၏ တရားဝင်ပိုင်ဆိုင်သူဖြစ်ပြီး၊ ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စီမံကိန်းကို နှစ် (၄၀) လည်ပတ်ရန် တာဝန်ရှိပါသည်။ ပြီးနောက်တွင် မြန်မာနိုင်ငံ အစိုးရသို့ ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်သည်။

**လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာန (MOEP)**

လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနကို ဝန်ကြီးဌာန (၂) ခု ခွဲ၍ ဖွဲ့စည်းထားပါသည်။ အမှတ် (၁) လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနသည် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးအတွက် တာဝန်ရှိပြီး၊ အမှတ် (၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ လျှပ်စစ်ဓါတ်အားဖြန့်ဖြူး ပေးရေးအတွက် တာဝန်ယူရပါသည်။ ထို့အပြင် ဤဝန်ကြီးဌာန များသည် (၂၀၀၂) ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရေအားလျှပ်စစ် ဦးစီးဌာန (Department of Hydroelectric Power-DOHP) ကို ဖွဲ့စည်းခဲ့ပါသည်။ ဤဖွဲ့စည်းလိုက်သောဌာနသည် အနာဂတ် လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများ စီမံချက် ရေးဆွဲရန်နှင့် အကောင်အထည် ဖော်ဆောင်ရန် တာဝန်ရှိသည်။ ၁၁ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနသည် ဤစီမံကိန်း၏ အစုရှယ်ယာ (၂၀)ရာခိုင်နှုန်း ပိုင်ဆိုင်သည်ဟု ယူဆထားပါသည်။

**ယူနန် ဖက်စပ် လျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီ (Yunnan Joint Power Development Co.) (YUPD)**
(၂၀၀၆) ခုနှစ်၊ ဒီဇင်ဘာလတွင် (YUPD) က မြန်မာနိုင်ငံ အမှတ် (၁) လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနှင့် တည်ဆောက်–လုပ်ကိုင်–လွှဲပြောင်း အစီအစဉ် (Build-Operate-Transfer) (BOT) စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဤစီမံကိန်း ပိုင်ဆိုင်သူသည် ရွှေလီမြစ် လျှပ်စစ်စက်ရုံ ကုမ္ပဏီ လီမိတက် (Ruili (Shweli) River I Power Station Co. Ltd.) ဖြစ်ပြီး၊ ၎င်းသည် (YUPD) နှင့် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန အကြားဖက်စပ်ဖွဲ့စည်းထားသည့် ကုမ္ပဏီ ဖြစ်ပါသည်။ (အထက်ကို ကြည့်ပါ) ၎င်းက အစု ရှယ်ယာ၏ (၈၀) ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး၊ စီမကိန်းတည်ဆောက်ရေး၊ လုပ်ငန်းလည်ပတ်ရေး၊ စီမံခန့်ခွဲမှု ကိစ္စများအ တွက် အပြည့်အဝ တာဝန်ယူမည် ဖြစ်ပါသည်။ [၁၂] ဤစီမံကိန်းသည် တရုတ်နိုင်ငံ ပြင်ပတွင် ဤကုမ္ပဏီက ပထမဦးဆုံးဆောင်ရွက်သော ရေအားလျှပ်စစ် စီမံကိန်းဖြစ်ပါသည်။

ယူနန် ဖက်စပ် လျှပ်စစ်ထုတ်လုပ်ရေး ကုမ္ပဏီ (YUPD) သည် ကုမ္ပဏီ ၃–ခုဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ယူနန်ဟွာနင်းလန်ကန်းမြစ် ရေအားလျှပ်စစ် ကုမ္ပဏီ (Yunnan Huaneng Lancang River Hydropower Co.) ၊ ယူနန် လျှပ်စစ်ဓါတ်အားကွန်ရက် ကုမ္ပဏီ (Yunnan Power Grid Co.) နှင့် (YMEC)တို့ဖြစ်ပါသည်။ (အောက်တွင်ကြည့်ပါ။)

**ယူနန် စက်ယန္တယား သွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီ (Yunnan Machinery Equipment Import & Export Company) YMEC**
ယူနန် စက်ယန္တ ယားသွင်းကုန်၊ ထုတ်ကုန်ကုမ္ပဏီ (YMEC)သည် တရုတ်နိုင်ငံ၏ ထိပ်တန်းစက်ယန္တ ယား နှင့် လျှပ်စစ်ပစ္စည်း ပို့ကုန်လုပ်ငန်း (၁၀၀)ထဲမှ တခုအပါအဝင် ဖြစ်ပါသည်။ ကုမ္ပဏီ၏ စုစုပေါင်း ကုန် သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာအားဖြင့် သန်းပေါင်း (၇၀၀) ကျော်ရှိပါသည်။ (YMEC) ကုမ္ပဏီသည် မြန်မာ၊ ဗီယက်နမ်နှင့် အမေရိကန် ပြည်ထောင်စုတို့၌ ရေအားလျှပ်စစ် စက်ရုံပေါင်း (၂၄) ရုံကို တာဝန်ခံ တည်ဆောက်ပေးနေပါသည်။ [၁၃]

YMEC ကုမ္ပဏီ နှင့် မြန်မာ လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနတို့သည် ၂၀၀၂ ခုနှစ်တွင် ဖြစ်နိုင်ခြေ စစ်ဆေး၍ အစီရင်ခံစာတင်သွင်းရန်၊ အသေးစိတ်စီမံကိန်း အစီအစဉ်ရေးဆွဲရန်၊ တင်ဒါခေါ်ယူရန်နှင့် စံသတ်မှတ်ချက် များ ၁၄ ရေးဆွဲရန်အတွက် သဘောတူညီခဲ့ကြပါသည်။ အင်မိုင်ခမြစ်ဝှမ်း ဖွံ့ဖြိုးရေးပူးပေါင်း ဆောင်ရွက်မှု အတွက် နားလည်မှု စာချွန်လွှာတရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ (YMEC)၏ နည်းပညာကျွမ်းကျင် သူ ဝန်ထမ်းများက (၂၀၀၂) ခုနှစ်၊ မတ်လမှ ဇူလိုင်လအထိ စမ်းသပ်တိုင်းထွာမှုများ ပြုခဲ့ကြပါသည်။ (၂၀၀၃) ခုနှစ်၊ သြဂုတ်လတွင် (YMEC) က စစ်အစိုးရနှင့် သော့ပေးအပ်ပွဲ သဘော စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ သန်း (၁၅၀)ခန့် ကုန်ကျမည့် ကွန်ကရစ်ဆည် တည်ဆောက်ရန်၊ ရေလွှဲမြောင်းများ တည်ဆောက်ရန်၊ စက်ပစ္စည်းများ တပ်ဆင်ရန် သဘောတူစာချုပ်ပြုလုပ်ခဲ့ကြပါသည်။

**ယူနန် လျှပ်စစ်ဓါတ်အားကွန်ရက် ကုမ္ပဏီ (The Yunnan Power Grid Co.)**
ယူနန်လျှပ်စစ်ဓါတ်အားကွန်ရက်ကုမ္ပဏီသည် (YUPD)၏ ဖက်စပ်အဖွဲ့ဝင် ကုမ္ပဏီတခုဖြစ်ပါသည်။ ၎င်း သည် တရုတ်ပြည်၏ တောင်ပိုင်းပြည်နယ် (၅)ခုမှ ကော်ပိုရေးရှင်းများကိုပေါင်းစုလျက် တရုတ်နိုင်ငံတောင် ပိုင်း လျှပ်စစ်ဓါတ်အားကွန်ရက်ကုမ္ပဏီ (China Southern Power Grid Co.) အဖြစ် ဖွဲ့စည်းထားသည်။ (CSG)သည် တရုတ်နိုင်ငံ၏တောင်ပိုင်းလျှပ်စစ်ဓါတ်အား ကွန်ရက်နှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှု၊ တည် ဆောက်မှုနှင့် စီမံအုပ်ချုပ်မှုတို့ကိုသာမက လျှပ်စစ်ဓါတ်အား ပို့လွှတ်ခြင်း၊ ဖြန့်ဝေခြင်းများကိုပါ

တာဝန်ယူရသည်။ ၎င်းသည် အစိုးရပိုင် ကုမ္ပဏီတခုဖြစ်ပြီး၊ လက်ရှိအားဖြင့် ကမ္ဘာ့အကြီးဆုံး လုပ်ငန်းကြီး (၅၀၀) စာရင်း **(Fortune 500 Global List)** တွင် (၂၆၆) အဆင့် ရှိနေပါသည်။ ၎င်းသည် မဟာမဲခေါင်ဒေသ လျှပ်စစ်ဓါတ်အား ကော်ပိုရေးရှင်းတွင် နိုင်ငံတော်ကောင်စီက ခန့်အပ်တာဝန်ပေးထားသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်လည်း ဖြစ်သည့်အပြင် မဟာမဲခေါင်ဒေသ လျှပ်စစ်ဓါတ်အားကော်ပိုရေးရှင်း၏ လုပ်ငန်းကို တက်တက်ကြွကြွ တွန်းဆော်ပေးလျှက်ရှိသည်။ ၁၅ ယူဆရသည်မှာ **(CSG)**သည် ယူနန် လျှပ်စစ်ဓါတ်အား ကွန်ရက်မှတဆင့် ရွှေလီရေအားလျှပ်စစ် စီမံကိန်းမှ ထွက်ရှိ လာမည့် လျှပ်စစ်များကို တရုတ်နိုင်ငံသို့ ပေးပို့ပြီး၊ တရုတ်နိုင်ငံ အခြားဒေသများသို့ ပို့လွှတ်ခြင်း၊ ဒေသအတွင်း ထုတ်လုပ်ရောင်းချခြင်းများအတွက် ဆက်လက်တာဝန်ယူလိမ့်မည်ဖြစ်သည်။

## ဆိုင်နို ဟိုက်ဒရို ဗျူရို [၁၄] (Sinohydro Bureau 14)

ဆိုင်နို ဟိုက်ဒရိုသည် တရုတ်နိုင်ငံရှိ အင်အားကြီးမားသော ဟိုက်ဒရောလစ်စက်များနှင့် ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အကြီးဆုံး ကုမ္ပဏီဖြစ်ပါသည်။ ဤကုမ္ပဏီက ကမ္ဘာအနှံ့အပြားတွင် စီမံကိန်း(၅၀)ကျော်ကို တာဝန်ခံလုပ်ဆောင်နေပါသည်။ ဆိုင်နို ဟိုက်ဒရိုဗျူရို(၁၄)သည် အဖွဲ့ဝင်ကုမ္ပဏီတခုဖြစ်ပြီး ၎င်းသည်လည်း နိုင်ငံရပ်ခြား တိုင်းပြည်များတွင် စီမံကိန်းများ လုပ်ဆောင်နေပါသည်။ အယ်လ်ဘေးနီးယား၊ ကွန်ဂို၊ ဘီလိုက်ဇ်၊ မလေးရှားနိုင်ငံများတွင် လုပ်ငန်းများရှိပါသည်။ ဤဗျူရိုမှ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း (၄) ခု တည်ဆောက်ပြီး၊ သို့မဟုတ် တည်ဆောက်လုပ်ကိုင်နေဆဲ ရှိပါသည်။

ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားချက်များအရ ဤဆိုင်နို ဟိုက်ဒရို ဗျူရို(၁၄)ကုမ္ပဏီသည် **(YUPD)** အတွက် ရွှေလီအမှတ်(၁) ရေအားလျှပ်စစ်စက်ရုံတွင် ရေလွှဲမြောင်း(၂) ခုနှင့် ဆည်တည်ဆောက်ပေးရန် စာချုပ်ချုပ်ထားပါသည်။ (၂၀၀၆)ခုနှစ် ဒီဇင်ဘာလတွင် ရွှေလီမြစ်ကို အောင်မြင်စွာ ဆည်တုတ်ပြီးစီးကြောင်း (ဓါတ်ပုံကို ကြည့်ပါ။) အခမ်းအနားများ ကျင်းပခဲ့ ပါသည်။ ၎င်းက ဆက်လက်၍ ဆည်တည်ဆောက်ရေးလုပ်ငန်းများနှင့် လျှပ်စစ်ဓါတ်အားထုတ်စက်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်။

## အေရှဝေါလ် ကုမ္ပဏီ လီမိတက် (Asia World Co., Ltd)

အေရှဝေါလ် ကုမ္ပဏီ လီမိတက်သည် မြန်မာနိုင်ငံရှိ အကြီးဆုံး စီးပွားရေးလုပ်ငန်းစုကြီး တခုဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းပေါင်းစုံ ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေသည်။ နာမည်ပျက်စာရင်းဝင် ဘိန်းဘုရင်ဟောင်း လော်စစ်ဟန်က (၁၉၉၂) ခုနှစ်တွင် တည်ထောင်ခဲ့သော ကုမ္ပဏီဖြစ်သည်။ အေရှဝေါလ်ကုမ္ပဏီသည် အစိုးရစီးပွားရေးလုပ်ငန်းများတွင်လည်း ဆက်စပ်မှုရှိနေပြီးဆောက်လုပ်ရေးကန်ထရိုက် စာချုပ်ချုပ်ဆိုခြင်း၊ ပစ္စည်းနှင့် စက်ကရိယာထောက်ပံ့ခြင်း ကဲ့သို့သော လုပ်ငန်းများ လုပ်ကိုင်နေပါသည်။ ၁၆ ဤ ကုမ္ပဏီသည် ရုံဖန်ရုံခါ စစ်အစိုးရ၏ ကြားခံကိုယ်စားလှယ်အဖြစ် စီမံကိန်းများ စာချုပ်ချုပ်ဆိုခြင်း၊ စက်ပစ္စည်းနှင့် အခြေခံအဆောက်အဦများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပြုပါသည်။

လောလောဆယ်၌ လော်စစ်ဟန်သည် ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သည်။ သူ၏သား ဖြစ်သူ ထွန်းမြင့်နိုင် (ခေါ်) စတီဗင်လောသည် မန်နေဂျင်းဒါရိုက်တာဖြစ်သည်။ စတီဗင်လောသည် ဘိန်းကုန်ကူးရာမှာပါဝင်ပတ်သက်သည်ဟု သင်္ကာမကင်းဖြစ်ခံရမှုကြောင့်၊ (၁၉၉၆) ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ရန် ဗီဇာပိတ်ပင်ခံခဲ့ရသည်။ အေရှားဝေါလ်ကုမ္ပဏီက စီမံကိန်းနေရာများသို့ သွားနိုင်မည့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို တာဝန်ယူရပြီး၊ မန်ဝင်းမှ လျှပ်စစ်စက်ရုံသို့၊ စစ်တပ်စခန်းမှ စီမံကိန်းနေရာသို့ ဆက်သွယ်သည့် လမ်းများ ဖောက်လုပ်ရပါသည်။ ထို့အပြင် နမ့်ခမ်းမှ နမ့်မွတူသို့ သွားသော

လမ်းကိုလည်း ဤကုမ္ပဏီက ပြန်လည်ပြုပြင်နေပြီး၊ လျှပ်စစ်ဓါတ်အားလိုင်းကြိုးများ ဖြတ်သန်းသွားမည့် လမ်းကြောင်းဖြစ်ပါသည်။

**စီချွမ်စက်ယန္တယားနှင့် စက်မှုပစ္စည်းသွင်းကုန်–ထုတ်ကုန် ကော်ပိုရေးရှင်း (Sichun Machinery and Equipment Import and Export Corporation–SCMEC)**

စီချွမ် စက်ယန္တယားနှင့် စက်မှုပစ္စည်း သွင်းကုန်–ထုတ်ကုန် ကော်ပိုရေးရှင်း (SCMEC) နှင့် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအင် လုပ်ငန်းဌာနတို့က လျှပ်စစ်သယ်ဆောင်ဖြန့်ဖြူးပေးမည့် ပစ္စည်းကရိယာများ၊ စက်ယန္တယားများ၊ ကောင်းကင်ကြိုးလိုင်းများ အတွက် အမေရိကန်ဒေါ်လာ (၃၄.၇)သန်းခန့် တန်ဖိုးရှိမည့် စာချုပ်တခုကို (၂၀၀၃)ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။

**ကူမင်း ရေအားလျှပ်စစ် စုံစမ်းလေ့လာရေး၊ ဒီဇိုင်းဖော်ထုတ်ရေးနှင့် သုတေသနသိပ္ပံ (Kunming Hydroelectric Investigation Design and Research Institute--KHIDI)**

ဤကုမ္ပဏီမှာ အထက်တွင်ဖော်ပြထားသည့်အတိုင်း စီမံကိန်း ပြင်ဆင်ရေးကာလတွင် ပါဝင်ပတ်သက်မှု ရှိခဲ့ပါသည်။

## နောက်ဆက်တွဲ ၃
## တွေ့ဆုံမေးမြန်းခဲ့သည့်သူများ ဇယား

| စဉ် | ကျား/မ | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁ | ကျား | ၃၂ | လျှပ်စစ်လုပ်သား |
| ၂ | မ | ၂၈ | ဆရာမ |
| ၃ | ကျား | ၂၄ | လုပ်ငန်းရှင် |
| ၄ | မ | ၂၁ | ရွာသား |
| ၅ | မ | ၂၀ | ရွာသား |
| ၆ | ကျား | မ | လုပ်ငန် းရှင် |
| ၇ | မ | ၂၂ | ရွာသား |
| ၈ | မ | ၂၃ | ရွာသား |
| ၉ | ကျား | ၂၅ | လယ်သမား |
| ၁၀ | ကျား | ၄၆ | လယ်သမား |
| ၁၁ | မ | ၄၀ | လယ်သမား |
| ၁၂ | ကျား | ၇၀ | ကျောင်းဒ ကာ |
| ၁၃ | ကျား | ၆၅ | ရွာသား |
| ၁၄ | မ | ၄၀ | လက်ဖက်ခြံလုပ်သား |
| ၁၅ | မ | ၁၂ | ကျောင်းသား |
| ၁၆ | ကျား | ၂၇ | ရွာသား |
| ၁၇ | ကျား | ၂၅ | ရွာသား |
| ၁၈ | ကျား | ၂၃ | ရွာသား |
| ၁၉ | မ | ၄၀ | လက်ဖက်ခြံလုပ်သား |
| ၂၀ | ကျား | ၃၅ | ကျောင်းအုပ်ကြီး |
| ၂၁ | ကျား | ၅၀ | လယ်သမား |
| ၂၂ | မ | ၂၆ | လုပ်ငန်းရှင် |
| ၂၃ | မ | ၂၈ | ဈေးရောင်းသူ |
| ၂၄ | ကျား | ၂၇ | လျှပ်စစ်လုပ်သား |
| ၂၅ | ကျား | ၂၈ | လျှပ်စစ်လုပ်သား |
| ၂၆ | ကျား | ၂၅ | လျှပ်စစ်လုပ်သား |
| ၂၇ | မ | ၂၅ | လျှပ်စစ်လုပ်သား |
| ၂၈ | ကျား | ၂၄ | လျှပ်စစ်လုပ်သား |
| ၂၉ | ကျား | ၄၀ | လက်ဖက်ခြံလုပ်သား |
| ၃၀ | မ | ၄၁ | လုပ်ငန်းရှင် |
| ၃၁ | မ | ၄၅ | လယ်သမား |
| ၃၂ | မ | ၄၀ | လယ်သမား |
| ၃၃ | ကျား | ၂၅ | ကျောင်းဆရာ |
| ၃၄ | မ | ၄၃ | လယ်သမား |
| ၃၅ | မ | ၃၀ | ကျွမ်းအဲရေးလုပ်သား |
| ၃၆ | ကျား | ၃၈ | တံငါသည် |
| ၃၇ | ကျား | ၂၇ | တံငါသည် |
| ၃၈ | မ | ၂၆ | လုပ်ငန်းရှင် |
| ၃၉ | ကျား | ၇၀ | လယ်သမား |
| ၄၀ | ကျား | ၄၇ | လယ်သမား |
| ၄၁ | မ | ၂၄ | ရွာသား |
| ၄၂ | မ | ၂၆ | ကျောင်းဆရာမ |
| ၄၃ | မ | ၂၆ | ရွာသား |
| ၄၄ | ကျား | ၆၀ | ဝါရင့်မှတ်ဆိုး |
| ၄၅ | ကျား | ၄၂ | စိုက်ပျိုးရေးသမား |
| ၄၆ | ကျား | ၅၈ | လက်ဖက်ခြံ လုပ်သား |
| ၄၇ | ကျား | ၅၆ | မှတ်ဆိုး |
| ၄၈ | ကျား | ၄၈ | လျှက်စစ်လုပ်သား |
| ၄၉ | မ | ၃၅ | ဈေးသည် |
| ၅၀ | ကျား | ၅၆ | အလုပ်သမား |
| ၅၁ | မ | ၂၅ | ရွာသား |

# Footnotes

[၁] ဗဟိုအာဏာပိုင်များက တပ်ရင်းများနှင့် ဌာနများအနေဖြင့် ၎င်းတို့ဖူလုံရေးအတွက် ကိုယ်တိုင်စိုက်ပျိုးကြရန် မူဝါဒချမှတ်ထားပါသည်။ ဤမူဝါဒအတွက်ကြောင့် စစ်တပ်များက ဌာနေပြည်သူများထံမှ စပါးခင်းများ၊ တောင်စောင်းစိုက်ခင်းများ၊ လက်ဖက်ခင်းများကို ၎င်းတို့ အကျိုးစီးပွားအတွက် အဓမ္မသိမ်းယူခြင်းများ ဖြစ်ပေါ်လာစေရန် အားဖြည့်ပေးသလို ဖြစ်စေပါသည်။

[၂] ရွှေလီရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားခဲ့ခြင်း ဖြစ်ပါသည်။

[၃] China's 1st Hydro BOT Project in Burma Revs Up, Xinhua Net, Dec 30, 2006.

[၄] ဤကုန်ကျစားရိတ်မှာ ဆည်တမံတည်ဆောက်ရေး၊ ရေလွှဲမြောင်းဖောက်လုပ်ရေး၊ စက်ပစ္စည်းများတပ်ဆင်ရေး အတွက် ကုန်ကျစားရိတ်သာ ဖြစ်ပါသည်။ (နောက်ဆက်တွဲကို ကြည့်ပါ။) ဤစားရိတ်များတွင် ရေအားလျှပ်စစ် စက်ရုံတည်ဆောက်မည့်စားရိတ်၊ လမ်းဖောက်လုပ်ရေး၊ လျှပ်စစ် ပို့လွှတ်မည့် ကောင်းကင်ကြိုးကြီးများ တည်ဆောက်ရေး ကုန်ကျစားရိတ်များမပါဝင်ပါ။

[၅] (USDA) သည် စစ်အစိုးရက ၁၉၉၃ ခုနှစ်တွင် တနိုင်ငံလုံးအတိုင်းအတာနှင့် စတင်ဖွဲ့စည်းလာခဲ့သော အဖွဲ့ဖြစ်သည်။ ဤအဖွဲ့က စစ်ခေါင်းဆောင်များ သဘောကျ လူထုစုဝေးပွဲများ စီစဉ်ပေးခဲ့သည်။ အသင်း၏ ဆောင်ပုဒ်မှာ "စိတ်ဓါတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းရုံး" ဖြစ်သည်။ အမျိုးသားရေး ဦးတည်ချက် (၃) ခုချမှတ်ထားပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေး ဖြစ်သည်။ (USDA) အသင်းဝင်များမှာ အသင်းလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် စစ်တပ်အာဏာပိုင်များထံမှ မျက်နှာသာရ ဆုချီးမြှင့်မှုများ ခံကြရပြီး၊ ဤလူထုစုဝေးပွဲများကို မကြာခဏဆိုသလို အတင်းအကျပ် တက်ရောက်စေရန် ဆောင်ရွက်ခဲ့ကြသည်။ လေ့လာသူအများ၏ သုံးသပ်ချက်အရ အကယ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ် ပြီးစီးသွားခဲ့လျှင် (USDA) သည် နိုင်ငံရေးပါတီတခု ဖြစ်လာနိုင်သည်ဟု တွက်ဆထားကြပါသည်။ သတင်းများအရ (USDA) က ဒီမိုကရေစီအင်အားစုများ၊ လှုပ်ရှားသူများကို ဖိနှိပ်နှိပ်ကွပ်ခဲ့ကြပြီး ၂၀၀၃ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သော ဒီပဲယင်း လူအစုအပြုံလိုက် သတ်ဖြတ်အကြမ်းဖက်မှုနှင့် မကြာသေးမီက ဖြစ်ပွားခဲ့သည့် လောင်စာဆီရတ်တရက်ဈေးမြှင့် လိုက်သည့်အပေါ် လူထုအများဆန္ဒပြပွဲများတွင်လည်း (USDA) အဖွဲ့ဝင်များက အာဏာပိုင်များနှင့် ပူးပေါင်း၍ ရိုက်နှက်အကြမ်းဖက်ခြင်းများပြုခဲ့ကြသည်။

[၆] မြန်မာနိုင်ငံတွင် ယခင်တည်ဆောက်ခဲ့သော ရေအားလျှပ်စစ်လုပ်ငန်းများ အတွေ့အကြုံအရ လျှပ်စစ်ဓါတ်အားကို အဖိုးအခ ချိုသာစွာဖြင့် လူထုများ အသုံးမပြုနိုင်ရုံမျှမက ထွက်လာသော လျှပ်စစ် ကိုလည်း အစိုးရပိုင် ရုံးများ၊ လုပ်ငန်းများနှင့် စစ်စခန်းများအတွက်သာ အသုံးပြုပါသည်။ ဥပမာအားဖြင့် လောပိတ ရေအားလျှပ်စစ်ထုတ်လုပ်ရေးမှ ထွက်ရှိသော လျှပ်စစ်ဓါတ်အားကို ကရင်နီပြည်နယ်ရှိ မြို့များသို့ ထောက်ပံ့ပေးသော်လည်း၊ အထူးသဖြင့် အစိုးရရုံးများ၊ စစ်စခန်းများနှင့် စစ်တပ်ဝန်ထမ်းများ၏ အိမ်ယာ

များသော လျှပ်စစ်ဓါတ်အား အပြည့်အဝအသုံးပြုနိုင်ကြပြီး၊ အဖို့အခအတွက်လည်း အစိုးရက ထောက်ပံ့ပေးထားပါသည်။ ကချင်ပြည်နယ်ရှိ ကြိန်ခရမ်ရေအားလျှပ်စစ်လုပ်ငန်းများတွင်လည်း အလားတူပင်ဖြစ်သည်။ ပြည်သူများမှ လေးရက်မှတကြိမ် လျှပ်စစ်မီးရသော်လည်း၊ စစ်စခန်းများမှာ အစဉ်သဖြင့် လျှပ်စစ်ရရှိကြပြီး သုံးစွဲမှုအတွက် ကျသင့်ငွေကို မပေးကြရပါ။

[၇] ကြိန်ခရမ်ဆည်သည် ၂၀၀၆ ခုနှစ်၊ ဇူလိုင်လတွင် ကျိုးပေါက်ခဲ့ပါသည်။ လူ ၅–ဦးသေဆုံး၍ ကြိမ်ခရမ်ကျေးရွာ တခုလုံး ရေလွှမ်းခံရကာ ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံနှင့် ဆည်သားတမံတခုလုံးကို ကျိုးပျက်သွားစေပါသည်။ ဝါရှောင်ဆည်သည်လည်း ၂၀၀၆ ခုနှစ်အတွင်း၌ပင် ကျိုးပျက်ခဲ့ပါသေးသည်။

[၈] http://www.mrtv3.net.mm/open2/060407build.html

[၉] Yunnan Power Grid Co. Report Card of May 1, 2007, www.yndw.com/showinfo.asp?id=42605

[၁၀] "Myanmar's rush for Hydropower," *Energy Tribune*, February 23, 2007, at www.energytribune.com/articles.cfm?aid=400.

[၁၁] "Hydropower plays a leading role in Myanmar's power development plans," International Journal of Hydropower and Dams, Issue Two, 2005.

[၁၂] "China's 1st BOT Project in Burma Revs Up," *Xinhua Net (Yunnan Channel)*, Dec 30, 2006.

[၁၃] http://www.ymec.com.cn/en/about.htm

[၁၄] ရွှေလီ ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အချက်အလက်များကို မြန်မာအစိုးရ၊ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဌာနက ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပုံနှိပ်ဖြန့်ချိခဲ့ပါသည်။

[၁၅] http://finance.mapsofworld.com/company/c/china-southern-power-grid.html နှင့် www.csg.cn အင်တာနက် စာမျက်နှာများမှ သတင်းအချက်အလက်များရယူပါသည်။

[၁၆] အေရှဝေါလ်ကုမ္ပဏီသည် ပျဉ်းမနားမြို့တော်သစ် (နေပြည်တော်)၏ အတွင်းနှင့်အပြင် အဆောက်အဦးများ ဆောက်လုပ်ရေးအတွက် အစိုးရနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုထားသော အဓိကကုမ္ပဏီကြီးတခု လည်းဖြစ်သည်။

[၁၇] *Dam and Development-A new framework for decision-making*, the report of the World Commission on Dams, 2000.

အို … ရွှေလီမြစ်ငယ်
သင်က တအောင်းမြေကို ဖြတ်စီးလို့
ကျနော်တို့ကို သွေးစည်းချစ်ကြည်စေဖို့
စီးဆင်းနေတာ မရပ်လိုက်ပါနဲ့
တို့အတူတူ အမြဲလက်တွဲကူ မခွဲဘဲနေကြတာပေါ့။

သင်က တအောင်းမြေကို ဖြတ်သန်းစီးဆင်းသူ
တအောင်းလူမျိုးတွေ မပျောက်ကွယ်ပါရစေနဲ့
တို့ကို ငြိမ်းချမ်းရေး သယ်ဆောင်လာပါကွဲ့
တို့အတူတူ အမြဲလက်တွဲကူ မခွဲဘဲ နေကြတာပေါ့။